
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုရရှိရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကြွယ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကန်လေးရိုးက

# မှားလောက်ကြီး

အမျှဝေရင်သာဓုခေါ်ပါ ...





www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလ ပထမအကြိမ်

အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊

ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်

၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**

ရှုရှင်အောင်စာပေ

အမှတ်–၇၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

ကန်လေးရိုးကဖွားလောက်ကြီး

အမျှဝေရင်သာခေါ်ပါ/ကန်လေးရိုးကဖွားလောက်ကြီး–ရန်ကုန်။

သင်းစာပေ၊ ၂၀၁၃။

၁၄၀–စာ၊ ၁၃ × ၂၀ စင်တီ။

(၁) အမျှဝေရင်သာခေါ်ပါ

# ကန်လေးရိုးက ဖွားလောက်ကြီး

## ထွက်ရှိပြီးသောစာအုပ်များ

၁။ သချိုင်းမြေမှ အရိပ်တစ္ဆေ
၂။ သချိုင်းရွာက မရဏကျိန်စာ
၃။ မရဏဝိညာဉ် မာယာရှင်တစ္ဆေမလေး
၄။ ဝိညာဉ်ဆိုး၏ လိပ်ပြာခေါ်သံ
၅။ ဝိညာဉ်မျက်လုံးနှင့်မာယာပိန်းမပျို
၆။ အခေါင်းထဲကအလောင်း
၇။ မိစ္ဆာမြေမှ အကျည်းစုံတစ္ဆေမလေး
၈။ ကိုယ်ယောင်ဖျောက်မုံတီးသံ
၉။ တစ္ဆေခြောက်တဲ့ ဟိုဘက်အိမ်
၁၀။ ဝိညာဉ်တို့၏မရဏခရီး
၁၁။ မာယာရှင်မလေး၏ တတိယမြောက်နာရေး
၁၂။ မိစ္ဆာရှင်မလေး၏ သောကမျက်ရည်
၁၃။ အကျည်းတန်တစ္ဆေရဲ့ အပြာရောင်ည
၁၄။ တမလွန်သွားမယ့် ဝိညာဉ်မလေးရဲ့ဆန္ဒ
၁၅။ သာဓုခေါ်ပေးပါ
၁၆။ မရဏညက ဝိညာဉ်ခေါ်သံ
၁၇။ တစ္ဆေနေတဲ့ အိမ်ကဝိညာဉ်တွေ
၁၈။ ဝိညာဉ်တို့၏ အပြုံးရောင်သတို့သမီး
၁၉။ မိစ္ဆာခွေးနက်ကြီး၏ နောက်ဆုံးဒေါသ
၂၀။ ဝိညာဉ်ကွဲတစ္ဆေ
၂၁။ တမလွန်မလေးရဲ့ အချိန်လွန်နောင်တ
၂၂။ ဝိညာဉ်မေမေရဲ့ မိစ္ဆာသား

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ သချိုင်းထဲမှာ ခေါ်တယ်ပေးပါ
၂။ သေတွင်းထွက်လူနှင့် ထူးဆန်းသောအရုပ်ကလေး
၃။ တိမ်မဲကောင်းကင်မှ ဝိညာဉ်ပျိုမလေးတောင်းတဲ့ဆု
၄။ ပန်းတစ္ဆေမလေးရဲ့ အမုန်းဈာပန
၅။ ကားနံပါတ်(၁၃)
ယခုလ အမျှဝေရင်သာခေါ်ပါ

www.burmeseclassic.com

www.burmeseclassic.com





# Phone Section







မှတ်မှတ်ရရနေ့တစ်နေ့။ အတိအကျဆိုရလျှင် ဖေဖော်ဝါရီလ ဆယ့်လေးရက်နေ့ Valentineday ချစ်သူများနေ့ဖြစ်သည်။ ချစ်သူအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ပိုပိုမြတ်နိုးစေသော အမှတ်တရနေ့သည် ချစ်သူမရှိတာကြာပြီဖြစ်သော ကိုယ့်အတွက်တော့ ဟာသာတာ။ နှမ်းခြောက်ခြောက်။ သို့ပေမယ့် ဝတ္ထုတစ်ပုဒ် လက်စသတ်ရေးပြီးခါစမို့ စိတ်ရောကိုယ်ပါပေါ့ပါးနေသည်။

ထိုစဉ် ...

တူ ...

တူ ...

တူ ...

ဖုန်းခေါ်သံကို အတန်ကြာအောင်စောင့်ပြီးမှကိုင်လိုက်၏။

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ"

"ဟယ်လို ... စာရေးဆရာ ဗွားလောက်ကြီးပါလား"

"ဟုတ်ကဲ့ ... ဟုတ်ပါတယ်"

လေးတွဲ့တွဲ့နဲ့ပြောသော ဖုန်းထဲမှအသံရှင်သည် နှလုံးရောဂါသည်တစ်ယောက်လိုလို၊ အလွန်အမင်း ပင်ပန်းနွမ်းလျနေသူလိုလို စကားသံ တိုးညှဉ်းညှဉ်းလေးသာပြောနေ၏။ နှစ်ဆယ့်ငါးနှစ်ကျော် ယောက်ျားပျိုတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းမိသည်။

"ဆရာ"

www.burmeseclassic.com



"ဟုတ်ကဲ့ … ပြောပါခင်ဗျာ"

"ဒီနေ့ ချစ်သူများနေ့နော် ဆရာ"

"ဪ … အင်း … ဟုတ် … ဟုတ်ပါတယ်"

ကိုယ်နှင့် မဆိုင်သလိုဂလိုအသာနေမိသောနေ့ကို ပြောလိုက်သည်မို့ စိတ်ထဲမှာ ကသိကအောက်နဲ့ ပြေလိုက်မိ၏။

"ဆရာမှာ ချစ်သူရှိလား"

"ဗျာ … "

သူစိမ်းယောကျ်ားတစ်ယောက်က သူစိမ်းယောကျ်ားတစ်ယောက်ကိုမေးလေ့ မေးထမရှိသော မေးခွန်းကြောင့် ဘာပြန်ဖြေရမှန်းမသိ။

"အင်းပေါ့လေ … ဆရာလို နက်နက်ရှိုင်းရှိုင်းခံစားတတ်တဲ့ စာရေးဆရာ တစ်ယောက်မဆိုထားနဲ့ သာမန်နှလုံးသားရှိတဲ့လူတွေတောင် ချစ်သူရှိနေကြတာပဲ။ သိပ်တော့ ထူးဆန်းလှပါဘူး။ ဒါပေမယ့် ဆရာရယ် … ကျွန်တော့်ချစ်သူနဲ့ ကျွန်တော်ရဲ့အချစ် ကတော့ သိပ်ကိုဆန်းကြယ်လွန်းပါတယ် … ပြောပြရင် ဆရာအတွက်ဇာတ်လမ်းကောင်း တစ်ပုဒ်ဖြစ်လိမ့်မယ်။ ဆရာစိတ်ဝင်စားမယ်ဆိုရင် ကျွန်တော်ပြောပြချင်ပါတယ် … "

"ဪ … ဟုတ်လား … ပြောပြလေ … ကျွန်တော်နားထောင်ပါ့မယ်"

ဟု ဝတ္တုရားအရ အားနာပါးနာပြောလိုက်မိသည်။ စိတ်ထဲမှာတော့

"ကျွန်တော်က သရဲဝတ္ထုတွေရေးနေတာပါ"

ဟု ပြောလိုက်ချင်သည်။ သို့သော် မပြောသင့်။

"ကျေးဇူးတင်ပါတယ်ဆရာ … လူတွေက ကျွန်တော့်ချစ်သူအကြောင်းကို ပြောပြတာ မယုံကြဘူး။ မယုံဆုံးက ကျွန်တော့်သူငယ်ချင်းတွေပဲ"

"ဟုတ်လား … ဘာဖြစ်လို့လဲ မသိဘူးနော်"

"သူတို့မျက်စိနဲ့ မမြင်ရလို့တဲ့ဆရာရယ်"

"ဪ … ဒါဆိုလည်း … သူတို့ယုံအောင် ညီလေးချစ်သူကိုခေါ်ပြီး သူတို့ကိုပြလိုက်ပေါ့။ ဘာဖြစ်လို့လဲ … ညီလေးချစ်သူက ရုပ်မချောလို့လား … "



"အဲလိုထင်ရင် ဆရာအကြီးအကျယ်မှားသွားပါလိမ့်မယ်။ ကျွန်တော့်ချစ်သူ က ကမ္ဘာ့အလှဆုံးမိန်းကလေးအားလုံးထက်လှတဲ့ အလှဘုရင်မတစ်ယောက်ပါ။ မြစ်မျိုး မှဲ့မထင် အလှပိုင်ရှင်ပါ"

"ဒါဖြင့် … ညီလေးသူငယ်ချင်းတွေနဲ့ တွေ့ပေး။ မိတ်ဆက်ပေးလိုက်လေ၊ မကောင်းဘူးလား … ဒီမှ သူတို့တွေယုံသွားမယ်မဟုတ်လား"

"ကျွန်တော် မိတ်ဆက်ပေးပါတယ်၊ ဒါပေမယ့် ဆရာရယ် သူတို့တွေက ကျွန်တော့်ချစ်သူကို မမြင်ရဘူးတဲ့ဗျာ … "

"ဟင် … ဘယ်လို … ဘယ်လို … ကျွန်တော်နားကြားမှား လွဲသလား ညီလေးက ညီလေးသူငယ်ချင်းတွေကို ညီလေးချစ်သူနဲ့မိတ်ဆက်ပေးတာ ညီလေး သူငယ်ချင်းတွေက ညီလေးချစ်သူကိုမမြင်ရဘူး … ဟုတ်လား။ အဲလိုပြောလိုက်တာ လား"

"ဟုတ်ပါတယ်ဆရာ … အဲလိုမျိုးပဲပြောတာပါ"

"အယ် … ဘယ်လိုကြီးလဲ မသိဘူး … ဪ … သိပြီ ညီလေးချစ်သူ က ဆာဒါကိုကုလားမလေးဖြစ်မယ်နော်"

"မဟုတ်ဘူးဆရာ … ကျွန်တော့်ချစ်သူက ဗမာမလေးပါ။ ဗမာမှ ဗမာ စစ်စစ်၊ ဗမာလူမျိုး။ ဗမာမျိုးနွယ်ရဲ့ အစ သရေခေတ္တရာ ပိသနိုးကို ဆရာလည်း သိမှာပေါ့ … "

"ဟုတ်ကဲ့ … သိပါတယ်။ သရေခေတ္တရာဆိုတာ အခုပြည်မြို့၊ ပိသနိုး ဆိုတာ တောင်တွင်းကြီးမြို့နားက မဟုတ်လား"

"ဟုတ်တယ်လေ … ဆရာရဲ့၊ ကျွန်တော့်ချစ်သူက ပိသနိုးရဲ့ ဘုရင်မပဲ"

"ညီလေးက ညီလေးချစ်သူကိုတော်တော် အမှမ်းတင်တာပဲနော်။ ဒါပေမယ့် ညီလေးစကားက ကျွန်တော့်ကိုနောက်နေသလိုဖြစ်နေပြီ။ ပိသနိုးက မြို့ဟောင်းကြီး။ သရေခေတ္တရာခေတ်တုန်းက ထွန်းကားခဲ့တဲ့မြို့တော်ကြီးပါ။ ညီလေးပြောသလိုဆိုရင် ညီလေးချစ်သူက ပိသနိုးဘုရင်မဖြစ်နေပြီ"

www.burmeseclassic.com



"ဟာ … တော်လိုက်တာ ဆရာရယ်၊ ဒါကြောင့် စာရေးဆရာဖြစ်နေတာကိုး။ မှန်တာပေါ့ ဆရာရယ်၊ သိပ်မှန်တာပေါ့ … "

ခပ်ရွှံ့ရွှံ့လေးနောက်လိုက်သည်ကို ဒီလူကဝမ်းသာဝမ်းမြောက်ကြီးဖြစ်နေသည်။

"ဒါဆို ကျွန်တော့်ချစ်သူ နာမည်ကိုလည်းဆရာသိမှာပေါ့"

ရွှဲလက်စနဲ့ဆက်ရွဲ့ကာ မေးလိုက်၏။

"သိတယ် … ပန်တွာဘုရင်မ မဟုတ်လား"

"ဟုတ်တာပေါ့ဆရာ … ဟုတ်တာပေါ့။ ကျွန်တော့်ချစ်သူက "ပန်တွာ"ပါ။ ပန်တွာဟာ ကျွန်တော့်နှလုံးသားရဲ့အရှင်သခင်ပါ"

သွားပြီ။ ဒီကနေ့တော့ ဖုန်းလက်ခံပြောမိတာမှားပြီ။ ကောင်းကြလေရော အရပ်ကတို့ရေ … လို့သာ ဖုန်းပစ်ချပြီး အော်လိုက်ချင်တော့သည်။

"ပန်တွာကလည်း ကျွန်တော့်ကိုသိပ်ချစ်တာ ဆရာရဲ့ သိလား"

"မသိဘူးဟေ့ … သိလည်း မသိချင်ဘူး"

လို့ ခပ်ရိုင်းရိုင်းအော်ပြီး ဖုန်းပိတ်ချင်သော်လည်း ရိုင်းစိုင်းစွာပြောမထွက်သည်ကတစ်ကြောင်း။ သူ့လေသံက နောက်ပြောင်နေတာမဟုတ်။ တကယ်နှစ်နှစ်ကာကာ လိုက်လိုက်လှဲလှဲဖြစ်နေတာကတစ်ကြောင်းကြောင့် …

"ဒီလူ ယဉ်ယဉ်လေးရူးနေတဲ့ စိတ်ဝေဒနာသည်များလား"

ဟူသော ကရုဏာဖြင့် အလိုက်အထိုက်ပဲ ပြောမိသည်။

"ဒါဆို … ညီလေးက … ဒွတ္တဘောင်မင်းကြီးပေါ့ဟုတ်လား"

ဆိုတော့

"ဟာ … ဆရာ ကျွန်တော့်ကို အဲလိုမျိုးတော့မနောက်သင့်ပါဘူး။ ဒွတ္တဘောင်မင်းကြီးဆိုတာ So long ago မှာ ကျန်ခဲ့ပြီဗျ။ ပန်တွာရဲ့ချစ်သူလည်း မဟုတ်ပါဘူး။ ပန်တွာကို အတင်းသိမ်းပိုက်ခဲ့တဲ့လူပါ။ ကျွန်တော်က အခုလက်ရှိပန်တွာ့ချစ်သူပါ"

"ဪ … ဆောရီးညီလေး … ဆောရီး။ ဒါနဲ့ ပြောပါဦး။ ပန်တွာနဲ့ ညီလေး ဘယ်မှာဆုံပြီးချစ်သူဖြစ်ခဲ့ကြတာလဲ။ ပိသနိုးမှာလား။ သရေခေတ္တရာမှာလား"



"တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်မှာဆုံကြတာလဲ"

"မဟာမြိုင်တောကြီးထဲမှာ"

"ဟင်"

"ဟုတ်တယ် … ပန်တွာက မဟာမြိုင်တောကြီးထဲမှာ နတ်သမီးဖြစ်နေတယ် ဆရာရဲ့"

"ဪ … မဟာမြိုင်တောကြီးထဲ ညီလေးက ဘာသွားလုပ်တာလဲ"

"ဂုမ္ဗန်မျိုးစိတ် အသစ်တစ်ခုကို Thesis တင်ဖို့ Research သွားလုပ်တာပါ"

"ဒီလိုလား … ဒါဆို … ညီလေးက ရုက္ခဗေဒမေဂျာ မာစတာတွဲအတွက် စာတမ်းပြုစုနေတဲ့ ကျောင်းသားပေါ့နော်"

"ကျွန်တော် မာစတာတွဲ့ရပြီးသားပါ။ မုံရွာတက္ကသိုလ် Botany Department က Demonstrater တစ်ယောက်ပါ။ ပြီးခဲ့တဲ့နှစ်က Application of medicinal plants ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျမ်းတစ်စောင်ပြုစုဖို့ မဟာမြိုင် တောထဲကို ရောက်သွားတဲ့အချိန်မှာ ပန်တွာနဲ့ဆုံခဲ့ကြတာပါ။ ပန်တွာနဲ့ဆုံခဲ့တဲ့နေ့ဟာ မှတ်မှတ်ရရ ချစ်သူများနေ့ ဖြစ်နေတယ်ဆရာ"

"ညီလေးတို့နှစ်ယောက် ဆုံဖြစ်ပုံလေးနည်းနည်းလောက်ပြောပြနိုင်မလား"

"ဟုတ်ကဲ့ … နည်းနည်းလောက်ဆိုရင်တော့ ပြောပြနိုင်ပါတယ်၊ အသေးစိတ်ဆိုရင်တော့ ဝတ္ထုရှည်ကြီးတစ်ပုဒ်လောက်ရှည်သွားလိမ့်မယ် ဆရာ။ ဒီလို ဆရာရေ ဒီလို … အဲဒီနေ့က ကျွန်တော်ရှာနေတဲ့ ဂုမ္ဗန်မျိုးနွယ်ရှာရင်း ရှာရင်းနဲ့ တောကြီးရဲ့ အတွင်းပိုင်းထဲ တော်တော်ကြီးဝင်မိသွားတယ်ဆရာ … ဪ … ဒါနဲ့ စကားစပ်မေးတာယ်လို့ မထင်ပါနဲ့ … ညီလေးမှာ အတော်မပါဘူးလား"

"ခါတိုင်းတော့ တန့်ဘည်မြို့နယ် လမ်းဆုံရွာကြီးက ကျွန်တော်တည်းတဲ့ ကျွန်တော့်သူငယ်ချင်းအိမ်မှာရှိတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ညီလေးကို အဖော်ခေါ်သွားနေကျပဲ

www.burmeseclassic.com



ဆရာ ... အဲဒီနေ့က အဲဒီညီလေး မုံရွာကိုအလုပ်ကိစ္စရှိလို့သွားနေလို့ ကျွန်တော် တစ်ယောက်တည်းပဲတောထဲကို သွားခဲ့တယ်လေ။ ဆိုင်ကယ်နဲ့သွားရင် မဟာမြိုင်တောစပ် ကို ရောက်ဖို့သိပ်မဝေးရပါဘူး"

"ဪ ... ဟုတ်ကဲ့ ဆက်ပြောပါ။ စကားဖြတ်မေးလို့ တစ်မျိုးမထင်နဲ့ နော် ... ကျွန်တော်က ညီလေးတစ်ယောက်တည်း တောထဲမှာအန္တရာယ်တစ်စုံတစ်ခု တွေ့မှာစိုးလို့ပါ"

"အဲလို စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးပါဆရာ။ အန္တရာယ်တော့မတွေ့ဘူး ချမ်းသာပဲတွေ့တယ်လေ။ အဲဒီ ကျွန်တော့်ဆိုင်ကယ်ကို တောစပ်က ကျွန်းတောကုန်းရွာ လေးက လက်ဖက်ရည်ဆိုင်မှာထားခဲ့ပြီး တောထဲဝင်ခဲ့တာ ... ညနေငါးနာရီလောက် ကျတော့ ကျွန်တော်ပြန်ခဲ့တယ်။ အဲဒီအချိန်မှာ အချိန်အခါမဟုတ်တဲ့ မိုးတွေသည်းကြီး မည်းကြီးရွာချတယ်ဆရာ ... ကျွန်တော်လည်း နီးရာကျောက်ဆောင်ကြီးအောက်ပြေးဝင် ပြီးခိုတာပေါ့။ ကျောက်ဆောင်က အစွန်းထွက်နေတော့ မိုးလုံလေလုံဖြစ်နေတယ်။ မိုးကလည်း မစဲနိုင်ဘူးဆရာရယ် ... နာရီငုံ့ကြည့်လိုက်တော့ ခြောက်နာရီခွဲနေပြီ။ နေကလည်းဝင် မိုးကလည်းမှောင်ပိန်းနေတာဆိုတော့ တစ်တောလုံးမှောင်အတိကျနေတာပဲ။ အဲဒီအချိန်မှာ ပလွေသံလိုလို၊ လေမှုတ်တူရိယာသံတစ်မျိုး ကျွန်တော်ကြားလိုက်ရတယ် ဆရာ။ အဲဒီအသံက ကျွန်တော့်မိုးခိုတဲ့ကျောက်ဆောင်ကြီးထဲက ထွက်လာတဲ့အသံဆရာ ရ ... "

ပြောရင်းက ခဏရပ်ပြီးမောကြီးပန်းကြီးအသက်ရှူနေ၏။ ပြီးမှဆက်ပြော၏။

"အဲလို ကျောက်ဆောင်ထဲက ပလွေသံထွက်လာတာဆိုတော့ ကြားကြားချင်း ကြက်သီးမွေးညှင်းတွေထပြီး ကျွန်တော်ကြောက်သွားသေးတယ်။ အဲဒီကျောက်ဆောင် နားကနေ ထွက်ပြေးဖို့ကြံမိသေးတယ်။ ဒါပေမယ့် စူးစမ်းတတ်တဲ့ဉာဉ်ရှိတော့ ထွက်မပြေး ပါဘူး။ ပလွေသံကြားရမှတော့ ဒီကျောက်ဆောင်ထဲမှာ လိုဏ်ဂူရှိရမယ်။ လိုဏ်ဂူထဲမှာ လူရှိရမယ်။ လူရှိရင် လမ်းပြပေးဖို့ အကူအညီတောင်းလို့တောင်ရနိုင်တယ်ဆိုပြီး ပျော်သွားတာပေါ့နော် ... ဆရာ"



"ဟုတ်တာပေါ့ ဟုတ်တာပေါ့ ... အဲဒါနဲ့ ဘာဆက်ဖြစ်လဲပြောပါဦး။ စိတ်ရှိန်ကမြင့်လာပြီ ညီလေးရ"

"အဲဒီအချိန်မှာ ပလွေသံရပ်သွားပြီး အင်မတန်ကိုအေးချမ်းငြိမ့်ညောင်းတဲ့ သီချင်းဆိုသံကြားလိုက်ရတယ်ဆရာ။ စိတ်ဝင်စားလွန်းလို့ ကျောက်ဆောင်ကြားအက်ကြောင်းလေး ကနေ အတွင်းထဲမြင်ရလိုမြင်ငြား ချောင်းကြည့်လိုက်တော့ အကြည့်လွှဲမရနိုင်လောက် အောင် ချောမောလှပတဲ့ ကျွန်တော့်ရဲ့ ပန်တျာမင်းသမီးကိုတွေ့လိုက်ရတာပါပဲ။ ဆရာ သူ့လက်ထဲမှာ ငွေးလက်တောက်ပနေတဲ့ ခရုသင်းကြီးတစ်ခုကိုင်ထားတယ်။ သူ့ကိုမြင်မြင် ချင်း ကျွန်တော့်စိတ်တွေ ဘယ်လိုမှ မထိန်းသိမ်းနိုင်တော့ဘူး။ သူကလွဲရင် ဘာကိုမှ သတိမရတော့ဘူး။ ပြန်ဖို့လည်းမေ့သွားတယ်ဆရာ။ ကျောက်ဆောင်ကြီးကို အားစိုက်ပြီး တွန်းကြည့်လိုက်တော့ ဂဲကောင်းလိုက်တာဆရာရယ်။ ကျွန်တော်ထင်သလို ကျောက်ဆောင် ကြီးမဟုတ်ဘဲနဲ့ ကျောက်တံခါးကြီးဖြစ်နေတယ်။ ကျွန်တော်တွန်းလိုက်တော့ ပွင့်သွားတယ်။ ဒါပေမယ့် ကျွန်တော်လည်းအထဲရောက်သွားရော ဂိုမ်းခနဲပြန်ပိတ်သွားတယ်။

"ညီလေးရောက်သွားတော့ ပန်တျာမင်းသမီးကလန့်သွားဘူးလား ... ဟိုလူ အမှတ်တမဲ့ဆိုတော့ မေးကြည့်တာပါ"

"ဟင့်အင်း မလန့်ဘူးဆရာ ... မလန့်တဲ့အပြင် ကျွန်တော့်ဆီပြေးလာပြီး ဘာပြောတယ်မှတ်လဲ"

" ... "

"ပေါင်းဖို့ချစ်သူမှာနေ့မှာ ဝင်ရောက်လာမယ့်မှန်းသိလို့ ပန်တျာ စောင့်ကိုးလာ ကြိုတာတဲ့ဆရာ။ သူကပြုံးသိနေတယ်။ ပြီးတော့ ကျွန်တော့်ကိုသူ့နန်းတော်ထဲခေါ်သွား တယ်ဆရာ"

"သူ့မှာ အပေါင်းအပါတွေကောမပါဘူးလား"

"မရှိဘူးဆရာ ... သွားလေရာနေရာ အနှံ့အပြားမှာ ကျောက်ဆစ်ထုထား တဲ့ ကျားတွေ၊ ခြင်္သေ့တွေ၊ မြင်းတွေ၊ နွားတွေ၊ ငှက်တွေ၊ နဂါးတွေ၊ ဘီလူးတွေ၊ အဲလို ကျောက်ရုပ်တွေအများကြီးရှိတယ်။ အဲဒီအရုပ်တွေက ပန်တျာအမိန့်ပေးလိုက်ရင်

www.burmeseclassic.com



အသက်ဝင်ပြီး နိုင်းသလိုလုပ်တယ်ဆရာ။ အကုန်လုံးကျောက်ရုပ်အတိုင်း ပြန်နေဆို နေတယ်ဆရာ"

"ဟုတ်လား တော်တော်ထူးဆန်းတာပဲနော်။ အဲ့ဒါ အဲဒီမှာလူသားဆိုလို့ ညီလေးနဲ့ ပန်ထွာပဲရှိတယ်ပေါ့"

"ပန်ထွာရဲ့ ကိုယ်လုပ်တော်တွေ သီချင်းသည်တွေအများကြီးရှိပါတယ်။ ယောက်ျားတော့ တစ်ယောက်မှမပါဘူး။ မိန်းမတွေချည်းပါပဲ။ ပြီးတော့ ဆရာရယ် အဲဒီမိန်းမတွေရဲ့ ခန္ဓာကိုယ်မှာ အဝတ်အစားလုံးဝ ဝတ်မထားဘူး"

"ဗျာ ..."

"ဟုတ်တယ်ဆရာ။ ကျွန်တော်မြင် ရဲရဲကိုမကြည့်ရဘူး။ ဒါပေမယ့် ပန်ထွာနဲ့ ပန်ထွာရဲ့ အနီးကပ်ကိုယ်လုပ်တော် မိန်းမတွေကတော့ ရတနာရှင်စည်း ရတနာဂါဝန်တွေ ဝတ်ထားပါတယ်ဆရာ။ အဲဒီ ပန်ထွာတိုင်းပြည်မှာ ကျွန်တော်သုံးလလောက်ကြာသွားတယ် ဆရာ။ ပန်ထွာနဲ့ ချစ်နေတဲ့နေ့တွေမို့ ကျွန်တော့်စိတ်ထဲမှာ သုံးရက်တောင်ကြာတယ် မထင်မိဘူး။ ဒါပေမယ့် သုံးလပြည့်တဲ့နေ့မှာ ပန်ထွာကျွန်တော့်ကို မောင်းမြှင့်တောအစပ်အထိ လိုက်ပို့ခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့ ကျောင်းကဆရာတွေက ကျွန်တော်ပျောက်သွားလို့ အရမ်းစိတ်ပူပြီး တောနင်းရှာနေတာပေါ့ဆရာရယ်"

"ပန်ထွာနဲ့ သူတို့နဲ့ မတွေ့လိုက်ကြဘူးလား"

"ဟင့်အင်း အဲဒီတုန်းကမတွေ့လိုက်ဘူးဆရာ၊ ပန်ထွာတောထဲပြန်ဝင်သွားမှ သူတို့နဲ့ ကျွန်တော်ပြန်တွေ့ကြတာ"

"ညီလေးကကော ပန်ထွာအကြောင်းပြောမပြဘူးလား"

"ပြောပြတယ်ဆရာ ... ဒါပေမယ့် အားလုံးက ကျွန်တော့်ကို ဟိုအင်း စိတ်ဖောက်ပြန်သွားတယ်လို့ထင်နေကြတယ်။ နတ်သမီးစားလို့ Abnormal ဖြစ်သွားတယ် အောက်မေ့နေကြတာ။ ကျောင်းကလည်း အခုထိ ကျွန်တော့်ကိုအလုပ်ပြန်မခန့်နိုင်သေးဘူး ဆေးခွင့်နဲ့ နားခိုင်းထားတယ်။ ကျွန်တော်ကို ကျွန်တော်သိတယ်ဆရာ။ ကျွန်တော်မရူးဘူး ကိုယ့်ကိုယ်ကို မရူးဘူးဆိုတဲ့လူဟာ အရူးလို့ ဆရာထင်လည်း ထင်ပေါ့ဗျာ ..."



ကျွန်တော်ဘာဝပေး ကုသိုလ်ပေါ့ဆရာရယ် ... ဒါပေမယ့် ကျွန်တော့်ဆီကို ပန်ထွာညတိုင်းရောက်လာတယ် ဆရာ။ တစ်ညမှ မပျက်ဘူး။ ဒီကနေ့ဆိုရင် ချစ်သက်တမ်းတစ်နှစ်ပြည့်တဲ့နေ့ဆိုပြီး ဒီမနက်ကျွန်တော်အိပ်ရာမနိုးခင်ကတည်းက ပန်ထွာရောက်နေတယ်၊ မနေ့ညသယ်နာရီက ပြန်သွားပြီး ဒီမနက်အစောကြီး သူရောက်လာတယ်၊ အခုရေချိုးပြီးအဝတ်လဲနေတယ်၊ ခဏနေရင် ဆရာကိုယ်တိုင် ပန်ထွာနဲ့စကားပြောကြည့်ပါ။ ဟောပြောရင်းဆိုရင်းနဲ့ ပန်ထွာထွက်လာပြီဆရာ။ ပန်ထွာရေ ... လာ ... လာ ဒီမှာ ကိုယ်တို့နှစ်ယောက် အကြောင်းကို တစ်နိုင်ငံလုံး သိအောင်ပြောပြနိုင်မယ့် ဆရာနဲ့စကားပြောနေတာ ပန်ထွာ ပြောလိုက်နော်"

"ဟုတ်လား ... ဝမ်းသာလိုက်တာ မောင်ရယ် ပြောမှာပေါ့ ... ပန်ထွာ ပြောချင်တာပေါ့"

တစ်ဝက်မှ လွန်စွာညက်ညောသာယာသော မိန်းကလေးသံကြားလိုက်ရ။ ခဏနေတော့ ...

"ဟယ်လို ... ပန်ထွာပါဆရာ ... ပန်ထွာနဲ့မောင် ဟိုးဘဝပေါင်းများစွာ ကတည်းက သိပ်ချစ်ခဲ့တဲ့ချစ်သူတွေပါ။ ဆရာ "ပန်ထွာ" ကိုမြင်ပါရှင်၊ လူတွေက ပန်ထွာ ကိုယ်ထင်မပြဘူးဆိုတာ လူတွေအများစုက ဉာဏ်မျက်စိမရှိဘူး၊ ဆရာတို့လို ပရလောကသားတွေအပေါ် ခံစားနားလည်ပေးနိုင်စွမ်းမရှိကြဘူး။ ပန်ထွာနဲ့ မောင့်အကြောင်း ကို စာရေးပါဆရာ။ ပန်ထွာပြည့်ပြည့်စုံစုံပြောပြချင်ပါတယ်၊ ဆရာဆီ ပန်ထွာနဲ့မောင် အရောက်လာခဲ့ပါမယ်။ ပန်ထွာရဲ့ တိုင်းပြည်ကိုလည်း ဆရာ့ကိုဖိတ်ခေါ်ချင်ပါတယ်၊

ထိုစဉ် ...

"မြင့်မိုရ်ဦးရေ ... သူငယ်ချင်း ... ငါပါ သက်ထွန်းပါ"

"ဟော် ... အေး ... သက်ထွန်း လာကွာအတော်ပဲ။ မင်းတို့ ငါ့ကိုယုံအောင် သက်သေပြမလို့ကွ"

"ဘာ သက်သေလဲ မြင့်မိုရ်ဦးရ"

"ဘာ ဟုတ်ရမှာလဲ ... ငါ့ရဲ့ပန်ထွာသက်ရှိထင်ရှားရှိကြောင်း မယုံနဲ့မင်းကို အခုသက်သေပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီလား ဒီပန်တွာ ... သူငယ်ချင်းစိတ်ကောင်းကောင်းထားပါကွာ။ ဟိုလေ ... မင်းဒေါသောက်ပြီးပြီလား ... ငါကိုယ်တိုင်တိုက်မယ်နော်"

"မလိုဘူး သက်ထွန်း ... အဲဒီအရူးဆေးတွေမင်းပဲသောက်၊ ငါမသောက်ဘူး။ အခုကော မင်းငါ့ရဲ့ပန်တွာကို မြင်ရလား။ ဒီအခန်းထဲမှာ ပန်တွာရှိနေတယ်လေ"

"မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့ မြင့်မိုရ်ဦးရာနော် ... သူငယ်ချင်း"

"ငါမဟုတ်တာတွေ ပြောနေတာမဟုတ်ဘူး။ ပန်တွာတကယ်ရှိနေတယ်"

"အဲဒါဆို ... ဘယ်မှာလဲပြော၊ ဒီတစ်ခါတော့ ငါ့မျက်စိနဲ့တပ်အပ်မြင်နိုင်အောင် မင်းရဲ့ပန်တွာကိုကိုယ်ထင်ပြနိုင်အောင်ခိုင်းစမ်း ... ကဲပြော ဘယ်မှာလဲ"

"ဟိုမှာ ... စာရေးဆရာ ဆရာဗွားလောက်ကြီးနဲ့ ဖုန်းပြောနေတယ်။ သေချာကြည့် မြင်ပြီလား"

"ဟင် ... ဖုန်း ... ဖုန်း ... ဖုန်း ... မင့် ဖုန်းကြီးကလေ ... လေလေထဲမှာ ... ဒါ သ ... သ သရဲ မင်းပန်တွာက သရဲ ..."

"မ ဟုတ်ဘူး ပန်တွာက နတ်သမီးပါ။ သူငယ်ချင်းနေဦး နေပါဦး"

ထိုစဉ် ဖုန်းလိုင်းပြတ်တောက်သွားလေ၏။

ခေါင်းထဲမှာ တွေးစရာတွေ တစ်သီကြီးတန်းသီသွားလေ၏။

ပန်တွာဆိုတာ ဘာလဲ။

မြင့်မိုရ်ဦးပြောသလို နတ်သမီးလား ...?

မြင့်မိုရ်ဦး သူငယ်ချင်း သက်ထွန်းပြောသလို သရဲလား ...?

ဘာပဲဖြစ်ဖြစ် လူမဟုတ်တာတော့ သေချာနေပြီ။

ဒါပေမယ့် ... လူမဟုတ်ဘူးဆိုရင် ...

ဘာကြောင့် ဖုန်းပြောနိုင်ပါလိမ့် ...

ဘယ်လိုနည်းနဲ့မှ စဉ်းစားလို့မရနိုင်အောင်ခေါင်းရှုပ်သွားတော့သည်။

မနက်ဖန်(သို့မဟုတ်)တစ်ရက်ရက်တော့ ကိုမြင့်မိုရ်ဦးရဲ့ဖုန်းကိုပြန်ခေါ်ပြီး ကိုမြင့်မိုရ်ဦးရှိရာ မုံရွာသို့လိုက်သွားမှဖြစ်တော့မည်။

အဲဒီမှာ တစ်ခုခုတော့ သဲသဲကွဲကွဲ အဖြေရမည်ထင်ပါရဲ့။





တူ ...

တူ ...

တူ ...

"ဟုတ်ကဲ့ ပြောပါခင်ဗျာ ... ဗွားလောက်ကြီးပါ"

"ဆရာ ... "

"အမိန့်ရှိပါခင်ဗျာ"

"ဆရာနားထောင်ဖို့အချိန်ရရင် ... ကျွန်တော်ကိုယ်တိုင် သရဲတွေခဲ့ရတဲ့ အဖြစ်အပျက်လေးပြောပြချင်လို့ပါ"

"ဟာ ... ဒီမျိုးကတော့ သိပ်အချိန်ရတာပေါ့ဗျာ၊ ပြောပါ ပြောပါ ... ကြိုက်သလောက်ကြာပါစေ ... ကြာလေကြိုက်လေပါပဲ"

"ကျွန်တော့်နာမည် မောင်ဝင်းမြင့်လို့ခေါ်ပါတယ်၊ မိမဲ့ဖမဲ့၊ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်တစ်ယောက်ပါ။ ကျွန်တော်ငယ်ငယ်ကတည်းက မိဘနှစ်ပါးဆုံးသွားလို့ ရွာဦးဘုန်းကြီးက ကရုဏာကြီးစွာနဲ့ ကောက်ယူမွေးစားခဲ့တာပါ။ အခုအရွယ်ထိဆိုပါတော့

www.burmeseclassic.com



ဆရာရယ်။ ဘုန်းဘုန်းကြီးရဲ့ကျေးဇူး ကျွန်တော့်အပေါ်မှာဆယ်လို့မကုန်နိုင်အောင်ကြီးမား လှပါတယ်။ ဆရာခွင့်လွှတ်နော် — အညာသားဘုန်းကြီးကျောင်းသားဆိုတော့ အဲလိုပဲ ဆရာရယ်စကားပြောတာ လေကြောနည်းနည်းရှည်တယ်။ စိတ်မရှိနဲ့နော်"

"ရပါတယ်ဗျာ — စကားကိုရွဲ့နှံ့ပြီး စီကာပတ်ကုံးပြောတတ်တာ စကားပြောကောင်းသူတို့ရဲ့ အရည်အချင်းပါ။ ကိုဝင်းမြင့်က အညာသားလား"

"ဟုတ်ကဲ့ — စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုန်းကျေးရွာ အုပ်စု၊ တအုံကုန်းရွာသားပါ။"

"ဟုတ်ကဲ့ — အခြေအနေပေးရင် ကျွန်တော်လာလည်မယ်နော်"

"လာလည်ပါဆရာ။ ကျွန်တော်တို့ဘုန်းကြီးကျောင်းမှာ ဆရာကြိုက်သလောက် နေလို့ရပါတယ်။ ပြီးတော့ ဆရာ့ကိုကျွန်တော်ကိုယ်တိုင်ရောက်ခဲ့တဲ့ ရွာသိုးကုန်းကိုလိုက်ပို့ပါ့မယ်"

"ရွာသိုးကုန်းဆိုတာက —"

"ဪ — ရွာသိုးကုန်းက ကျွန်တော်တို့ရွာရဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ တောတစ်တောပါ"

"ဗျာ — ရွာသိုးကုန်းဆိုပြီး ရွာမဟုတ်ဘူးလား"

"မဟုတ်ဘူးဆရာ၊ ဘယ်ခေတ်ဘယ်ကာလက တည်ခဲ့မှန်းမသိတဲ့ ရွာပျက်ကြီးပေါ့။ အခုချိန်မှာတော့ မြေပုံပိတ်ပေါင်းတွေ၊ တင်တောင်းပြာသာဒ်ပင်တွေ ပြည့်နှက်ထူထပ်နေတဲ့ တောကြီးတစ်တောပါ။ ဘယ်လိုလူမှ ထွန်ယက်စိုက်ပျိုးခြင်းမလုပ် ရဲကြဘူး။ ထွန်ယက်တဲ့လူ — ကံဆိုးပြီသာမှတ်။ ဒီကနေ့ ထွန်ရင် နောက်ပြီးသေပေါင်းပါပဲ



တော့ပဲ။ ဒါပေမယ့် စိတ်မပူပါနဲ့။ အဲလို ထွန်ချတာမျိုးမလုပ်ရင် ဘာအန္တရာယ်မှမပြုပါဘူး။ ဖြတ်သန်းသွားလာလို့ရပါတယ်။

"အဲဒီရွာသိုးကုန်းမှာ အဲလေ ရွာသိုးကုန်းတောထဲကို ကျွန်တော့်ကို ဘာကိစ္စ လိုက်ပို့မှာလဲ"

"အဲဒီရွာသိုးကုန်းဆိုတာ ကျွန်တော်ရောက်ခဲ့တဲ့ တစ္ဆေရွာကြီးလေ ဆရာရဲ့"

"ဟုတ်လား — ကျွန်တော်လည်း တစ္ဆေတွေနဲ့တွေ့ရမှာလား"

"အဲလိုတော့ တွေ့ချင်မှ တွေ့ရမှာပါ"

"ဪ — ဒါနဲ့ ကိုဝင်းမြင့်ရွာသိုးကုန်းတစ္ဆေရွာကို ဘယ်လိုရောက်ပြီး၊ တစ္ဆေတွေနဲ့ ဘယ်လိုတွေ့တာလဲဗျ"

"ပြောရရင် — ကျွန်တော် ဆိုင်းဆီးဝါသနာပါပုံက စပြောရမယ်ဆရာ။ နားထောင်ရတာ ပျင်းနေပြီလားဆရာ"

"ဟာ — မပျင်းပါဘူး။ စိတ်ဝင်စားပါတယ် ပြောပါ"

"ကျွန်တော်တို့ရွာက ရွာသေးသေးလေးဆိုပေမယ့် အထင်မသေးပါနဲ့ ဆရာ၊ ဆိုင်းဝိုင်းရှိတယ်။ ဆရာမင်းလှကြည်ရဲ့ မင်းလှကြည်ဆိုင်းအဖွဲ့ပေါ့ဆရာရယ်။ ကျွန်တော်ကလည်း ဆိုင်းဝါသနာအိုးဆိုတော့ ဆရာမင်းလှကြည်တို့ဝိုင်းသမျှ တောက်တိုမယ်ရ အကုန်လုပ်တယ်။ အရက်ဝယ်၊ ကြက်ဖမ်း၊ ဝိုင်းဆင်၊ ပတ်စာခတ်၊ ဗျာခင်း၊ ပတ်စာခွာ၊ ရှာသိမ်းအားလုံးလိုက်လုပ်ပေးတော့ ဆရာမင်းလှကြည်က အုပ်စုသင်ပေးတော့တာပဲ။ ဝါသနာလည်းပါ၊ ဝါရမီလည်းရှိတော့ — နောက်ဆုံး ဆရာမျက်နှာလွှဲရတဲ့ထိပေါ့၊ ဆရာခိုင်းထွက်တဲ့အချိန်ဆို ဝိုင်းခေါင်းဆောင်ပေါ့ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာကလည်းကြီးတော့ ဟုတ်တာပေါ့ဗျာ"

"အဲဒါ — အဲဒီလိုနဲ့နေလာရင်းနဲ့ တစ်နေ့တော့ဆရာခိုးထွက်နေတဲ့တစ်နေ့ မိုးအေးအေးနဲ့ ဆရာ့အိမ်မှာ ကျွန်တော်တို့ကွက်တွေလေ့ကျင့်နေရင်း ရောက်ချလာတော့တာပဲ"

"ဘယ်သူရောက်ချလာတာလဲ၊ ကိုဝင်းမြင့်ဆရာလား"

"မဟုတ်ဘူး — ဆိုင်းငှားတဲ့ မိန်းကလေးတစ်ယောက်"

"ဗျာ — မိန်းကလေးတစ်ယောက်တည်း ဆိုင်းလာငှားတာလား"

"ဟုတ်ပါ့ဆရာရယ် — လှလိုက်တာလည်း ချောမွေ့နေတာပဲ — ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"ပုပ်စော်တအားနံ့တာပဲဆရာ — ကောင်မလေးကနုပတ်ပြီး ထိရက်စရာ မကောင်းအောင်လှသလောက် နံ့လိုက်တာ ပုပ်ဟောင်နေတာပဲ — ပုပ်တာမှ လူသေ ကောင်ပုပ်အနံ့ကြီးဗျာ။ ကျွန်တော်က အဲဒီအပုပ်နံ့ကြီးကောင်မလေးဆီကလာတယ်လို့ မထင်ရက်ဘူး။ တစ်နေရာရာက ခွေးသေကောင်ပုပ်အနံ့လေသင့်လို့နံ့တယ်ပဲအောက်မေ့ တာပေါ့။ ဒါပေမယ့် မဟုတ်ဘူးဆရာ။ အဲဒီကောင်မလေးလည်း ပြန်သွားရော အပုပ်နံ့ ကြီးလည်း ပျောက်သွားတာဗျ"

"အဲဒါဆို အဲဒီကောင်မလေးက တစ္ဆေပေါ့ဟုတ်လား"

"အစ်ပေါ့ဆရာ — လာငှားတဲ့ အဲဒီအချိန်တုန်းကတော့ တစ္ဆေမှန်းဘယ်သိ မလဲဆရာ — ပထမတော့ ဝါတွင်းကြီး မင်္ဂလာဆောင်လည်းမရှိ၊ အလှူလည်းမရှိ ဆိုင်းငှားချင်တယ်ဆိုတော့ ကျွန်တော်လည်း နည်းနည်းအံ့သြသွားတယ် — နောက်တော့



အသုဘအတွက် မသာဆိုင်းလာငှားတာဆိုတော့ ကျွန်တော်လည်း ခပ်အင်အင်ဖြစ်သွား တာပေါ့။ ဒါပေမယ့် သူကစရံဆိုပြီး ငွေအိတ်တစ်ပြားပေးတော့ ကျွန်တော်လည်းမက်သွားတယ် ဆရာ။ ပြီးတော့ ဆိုင်းငှားတယ်ဆိုပေမယ့် တီးတဲ့လူပဲငှားတာတဲ့။ ဆိုင်းဝိုင်းက သူတို့အိမ်မှာ ရှိတယ်တဲ့။ သေသွားတဲ့ သူ့အဖေက ဆိုင်းဝါသနာပါတဲ့ သူဌေးဆိုတော့ အိမ်မှာဆိုင်းဝိုင်းကို သူတီးဖို့ သက်သက်ထောင်ထားတာတဲ့။ အခု သူ့အဖေသေတော့ သူ့အဖေဝါသနာပါတဲ့ ဆိုင်းသံဗုံသံတွေနဲ့ သူ့အဖေရဲ့နောက်ဆုံးခရီးမှာ ခြိမ့်ခြိမ့်သည်းသည်းချင်လို့လာငှားတာတဲ့ဆရာ။ လိုတာကလည်း ပတ်လုံးဆိုင်းဆရာတစ်ယောက်ပဲလိုတာပါတဲ့။ အနူးညွတ်မေတ္တာရပ်ခံပြီး အတင်းတွယ်ငှားနေတော့ ကျွန်တော်လည်း လက်ခံလိုက်တယ်ဆရာ"

" — "

ကိုဝင်းမြင့်စကားက စိတ်ဝင်စားစရာကောင်းနေသည်မို့ ကျွန်တော်ငြိမ်ပြီး နားထောင်နေမိ၏။

"ညနေ မြောက်နာရီလောက် ရွာအနောက်ထိပ်ကိုလာထွက်ခဲ့ပါ။ အကြိုလွှတ် ထားပါ့မယ်တဲ့။ ဘယ်ရွာကလဲမေးတာကို ရွာနာမည်မပြောဘူးဗျ။ ရွာသိုးကုန်းလို့ပြောရင် ကျွန်တော်တယ်လိုက်မလဲဆရာ"

"အဲဒါနဲ့ အဲဒီနေ့ညနေ ကိုဝင်းမြင့်လိုက်သွားတယ်ပေါ့နော်"

"ဟုတ်တယ်ဆရာ — လှည်းနဲ့လာကြိုတာ — ကျွန်တော်တို့ရွာအနောက် ထိပ်မှာ လှည်းကြိုရောက်လာတာ — ရွာသိုးကုန်းနဲ့ကျွန်တော်တို့ရွာကသိပ်ကြီးဝေးတာ မဟုတ်တာ — သိပ်မမောင်းလိုက်ရဘူး။ ရောက်သွားတာပေါ့။ ကျွန်တော်စိတ်ထဲမှာတော့ [illegible]ထင့်ပါဆရာ။ ဒီနေရာမှာ ဘာရွာမှမရှိပါဘူးလို့တော့ အောက်မေ့သားဗျ။ ဒါပေမယ့်

www.burmeseclassic.com

အဲဒီမှာတွေ့တဲ့ ရွာသူရွာသားတွေကြည့်လိုက်တော့ ထူးဆန်းနေတော့ ကျွန်တော်လည်း သံသယဖြစ်ရမယ့်အစား အံ့ဩမှုက ပိုများသွားတယ်"

"ဟုတ်လား … ဘယ်လိုထူးထူးဆန်းဆန်းလူတွေမို့လဲ"

"ရှေးလူကြီးတွေလိုပဲဗျ … ဆေးလိပ်ထိုးကြီးတွေ၊ ဆံထုံးကြီးတွေနဲ့ဗျ။ ထမင်းစားပုံကလည်း အခုခေတ်မှာမတွေ့ကြတော့တဲ့ ကျွန်တော်တို့အဘိုးအဘွားတွေခေတ်ကလို မျိုး၊ မြောက်ပြင်လုံချည်လို တွန့်ရှုံ့ရှုံ့မြည် တလက်လက်တောက်တဲ့အဝတ်အစားတွေဗျ။ မိန်းမတွေများဆို ရွှေခြေကျင်းကြီးတွေဝတ်ထားသေးတာ။ ပြီးတော့ သူတို့က အသုဘ ကို ပွဲကြီးလမ်းကြီးလိုသဘောထားပုံရတယ်။ တကယ့်ပွဲနေ့ပွဲထိုင်ဝတ်စားဆင်ယင်ပြီး လာကြတာ။ ကျွန်တော့်ကိုလည်း လိုလေသေးမရှိဧည့်ခံတယ်ဆရာ။ အရက်၊ ကြက်၊ ဝက်၊ တောင်တောင်ကိုပြည့်စုံပါတယ်ဗျာ၊ ရှည့်ခံပြီးထားနေတော့မှ ကျွန်တော်ဆီဆိုင်းလာငှား တဲ့ ကောင်မလေးရောက်လာပြီး ဆိုင်းဝိုင်းပြင်ဆင်ခင်းကျင်းပြီးတဲ့အကြောင်းလာပြောပြီး ခေါ်တယ်။ ကျွန်တော်လိုက်ငှားသွားတော့မှ အိမ်တစ်ဆောင်ကြီးကျယ် ခန့်ညားမှုန်း သိရတယ်။ အိမ်အတွင်းဘက်မှာ ဆိုင်းဝိုင်းခင်းထားတာ ဆိုင်းဝိုင်းနဲ့ မျက်နှာချင်းဆိုင်မှာ မသာစင်ပြင်ထားတယ်။ သေသွားတဲ့ သူ့အဖေက တော်တော်ထွားထွားကျိုင်းကျိုင်း ကြီးဗျ။ အရပ်ရှည်ရှည် ဝဝဖိုင့်ဖိုင့်ကြီး။ အသားကတော့ မီးသွေးခဲလို နက်ပြောင်နေတာပဲ။ သူ့သမီးနဲ့တော့ လုံးလုံးဆန့်ကျင်ဘက်ပါပဲ။

"သူ့အဖေနဲ့တူလို့ဖြစ်မှာပေါ့ ကိုဝင်းမြင့်ရယ်၊ သူ့အမေကိုရော မတွေ့ခဲ့ဘူးလား"

"သူ့အမေတော့မတွေ့မိဘူး။ ကျွန်တော်လည်း မစပ်စုအားဘူး။ ဘာလို့လဲဆို



တော့ ဆိုင်းဝိုင်းကြီးမြင်လိုက်ကတည်းက သွားရည်ယိုနေတာ။ တကယ့်နိုင်ငံကျော်ဆိုင်းဝိုင်း ကြီးအတိုင်းပဲ။ ကျွန်တော်တို့မင်္ဂလာကြည့်ဆိုင်းဝိုင်းနဲ့များဖြင့် ဆီနဲ့ရေပဲ။ ကွာချင်တိုင်း ကွာပါရဲ့ဗျာ။ အဲဒီတော့ ကျွန်တော်လည်း ဆိုင်းတီးချင်လိုက်တာလက်ကိုယားနေတော့ ဆိုင်းဝိုင်းထဲဝင်ပြီး တီးပါလေရောဆရာ … "

"ကြေးနောင်မောင်းသမားတွေကစ ဆိုင်းနောက်ပါတွေအဆုံး တီးလုံး တိုက်စရာမလိုအောင် ကျွန်တော်နဲ့ အလေးအသူမျှ စည်းဝါးကျပြီး တီးလို့ကောင်းလိုက်တာ ဗျာ၊ တီးကောင်းကောင်းနဲ့ တီးရင်း ညတော်တော်နက်တော့ ဆိုင်းဝိုင်းနားထောင်တဲ့လူတွေ လည်း ပြန်သွားကြတာ တဖြည်းဖြည်းနဲ့ တစ်ယောက်မှ မကျန်တော့ဘူး … "

" … "

ကိုဝင်းမြင့်က ပြောရင်းမောလာသည်ထင်၏။ စကားခေတ္တပြတ်သွား၏။

"အဲဒီအချိန်ကျတော့မှ မသာစင်ကိုကျွန်တော်ကြည့်လိုက်သွားတော့ ဖြန်းခနဲ မသာကြီးက ထထိုင်ပြီး ကျွန်တော့်ကိုပြုံးပြတယ်။ ကျွန်တော်ကြောက်လွန်းလို့ ဆိုင်းဝိုင်းထဲက ဝိုင်းတော်သားတွေကိုလှည့်ကြည့်တော့ ဝိုင်းတော်သားတွေ တစ်ယောက်မှမရှိတော့ဘူး။ ကျွန်တော်နဲ့ငုတ်တုတ်ထထိုင်တဲ့ မသာကောင်ကြီးပဲရှိတော့တယ်။ ကျွန်တော်ထွက်ပြေး မလို့လုပ်တော့ မင်းထွက်မပြေးနဲ့ … မင်းဟက်လုံးဝိုင်းတီး ငါဆိုကကမယ်ဆိုပြီး အဲဒီ မသာကြီးက အမိန့်ပေးတော့ ကျွန်တော်မှာ ကြောက်ကြောက်နဲ့တီးရတာ။ သူကဆိုကက၊ ကျွန်တော်ကတီး၊ နောက်တစ်ခါ သူကတီးအလှည့်ဝင်၊ ကျွန်တော်ကဆို … ဟောလိုက်တာဟပ်ထိုးလဲ မတတ်ပဲ၊ သူက ကျွန်တော့်ထက်တော်တယ်။ အတီးမှာ ထလည်း တကယ့်ဆရာအဆင့်။ အံ့ဩမိတယ်။ နောက်ဆုံး သူကနဲ့ကြိုးမှတ်၊ ကျွန်တော်က

www.burmeseclassic.com

 www.burmeseclassic.com

သိချင်ဆို ကြာတော့ အမောဆို့ပြီးမခံနိုင်တော့ဘူး။ သူကလည်း လုံးဝအနားမပေးဘူး။ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော်ထွက်ပြေးတယ်ဆရာ။ သူကလည်းနောက်ကနေ ပြေးလိုက်ပြီး နဲ့တတီတီလိုက်နေတာဆရာရယ်။ ဝဲသနားကြီးလွန်းတဲ့ ကျွန်တော် နဲ့သံကြား လေကြောက်လေ၊ ကြောက်လေ ပြေးလေ၊ နောက်ဆုံး တယ်ထိုးသဲကျပြီး သတိလစ်သွားတယ်ဆရာ၊ ဘာကိုမှမသိတော့ဘူး၊ ကျွန်တော် သတိရလို့ကြည့်လိုက်တော့ ဘုန်းကြီးကျောင်းပြန်ရောက်နေတယ်။ ရွာကလူတွေ ကျွန်တော့်ကိုရွာထိပ်ကုန်းတောစပ်မှာ သတိလစ်နေတာတွေ့လို့ ပြန်ခေါ်လာခဲ့ကြတာတဲ့ဆရာ — ကျွန်တော့်အဖြစ်အပျက်ကို ပြောပြတော့ ယုံတဲ့လူယုံ၊ မယုံတဲ့လူမယုံပေါ့။ ကျွန်တော့်လို အဖြစ်အပျက်မျိုးတယ်တုန်းကမှ မဖြစ်ဘူးတော့ မယုံတဲ့လူတွေမှာလည်း အပြစ်မရှိပါဘူး — ဒါပေမယ့် ဆရာရယ် — အဲဒီ ကျွန်တော့်ကိုယ်တွေ့ တကယ့်အဖြစ်အပျက်ပါ။ ဘာလို့ ဒီလိုပြောရသလဲဆိုတော့ ကျွန်တော့်ဆီမှာ အခုထက်ထိ ကောင်မလေးဆိုင်းလာငှားတုန်းက စရံအဖြစ်ပေးထားတဲ့ ရွှေဒင်္ဂါးပြားလေးရှိတုန်းပဲဆရာ။ ဆရာ ကျွန်တော်တို့ရွာရောက်ရင် ကျွန်တော်ပြပါ့မယ်။ တကယ်ပါဆရာ — တကယ်ပါ — အဲဒီ ဆရာက သရဲဝတ္ထုတွေ ရေးနေတယ်ဆိုလို့ စိတ်ဝင်စားမယ်ထင်လို့ ပြောပြတာပါ။ ဆရာရှာလာခဲ့ပါနော်”

ဟု ပြောကာ ကိုဝင်းမြင့်ရှိန်းချသွားလေ၏။

## ပါဝင်သောအခန်းများ


အခန်း ၁။ ကူးတို့ခ တစ်မတ်
အခန်း ၂။ ရုန်းမသား
အခန်း ၃။ မန်ကျည်းပင်မှာနေတယ်
အခန်း ၄။ အပင်ခုတ်ခဲ့
အခန်း ၅။ တစ္ဆေနေတဲ့အပင်
အခန်း ၆။ လာခေါ်တဲ့ည
အခန်း ၇။ ပရိတ်ရေလောင်းမယ်
အခန်း ၈။ သရဲသတ်လို့သေတဲ့မသာ
အခန်း ၉။ လက်အေးကြီး


www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ အခန်းထဲကဝိညာဉ်

အခန်း ၁၁။ လာခေါ်လိမ့်မယ်

အခန်း ၁၂။ ရင်ခွင်မှာသေချင်သူ

အခန်း ၁၃။ ပရလောကနဲ့ မိတ်ဆက်ခြင်း

အခန်း ၁၄။ ဗိုလ်ကုန်းကပုံတီးသံ

အခန်း ၁၅။ အမျှဝေရင်




အခန်း (၁)

## ကူးတို့ခတစ်မတ်

"အစ်ကို ... ကျွန်မကို ကျောက်ရေကန်ရွာကို ပို့ပေးလို့ ရမလား"

"ဟင်"

ကူးတို့သမ္မာန်သမား စောဖြူတစ်ယောက် သူ့ကိုလာမေးတဲ့ မိန်းကလေးကို ကြည့်ပြီး အံ့သြသွားတယ် ...

အသားအရည်က ဖြူဖွေးပြီး ရှည်လျားလှတဲ့ ဆံပင်၊ နှာတံ၊ မျက်လုံး၊ မျက်လုံးတို့နှင့်အတူ သွယ်လျတဲ့ မျက်နှာပေါ်မှာ လှပလွန်းလှတယ် ...

အချိန်က ညနေ နေဝင်ရီရောအချိန် ...

ကူးတို့သမား အများစုကတော့ အလုပ်သိမ်းပြီး ပြန်သွားကြပြီ။

စောဖြူက နောက်ထပ်ခရီးသည် ရလိုရငြား စောင့်နေခြင်း ဖြစ်တယ်။

"ကူးတို့ခ ဘယ်လောက်ပေးရမလဲ ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကထပ်မေးမှ စောဖြူက ...

"ကျောက်ရေကန်ရွာကဝေးတယ် ... အနည်းဆုံးနှစ်နာရီ လောက်သွားရမှာ"

"ဟုတ်ပါတယ် ... ဘယ်လောက်ပဲပေးရ ပေးရ လိုက်ပို့ ပေးပါ"

မိန်းကလေး စကားကြောင့် စောဖြူ စဉ်းစားလိုက်တယ်။ ကျောက်ရေကန်ရွာကို မိန်းကလေးကို လိုက်ပို့ပြီး သူ့ရွာပြန်မည်ဆို ညဦးအတော်နက်လို့ သွားမည်မလား။

"ဟို ... ညဦးတအားနက်သွားမလား မသိဘူး ... "

"လိုက်ပို့ပေးပါရှင် ... ကျွန်မ မသွားရင် မဖြစ်လို့ပါ။ ကျွန်မ ဒီညမှ ကျောက်ရေကန်ရွာကို မရောက်ရင် ... "

မိန်းကလေးက သနားစဖွယ်ပြောတဲ့ လေသံကြောင့် စောဖြူ လည်း သနားသွားမိပြီး ...

"အင်း ... ကောင်းပြီလေ တက်"

ပြောလိုက်ရာ မိန်းကလေးရဲ့ မျက်နှာဝင်းပလို့သွားပြီး ကူးတို့ သမ္ဗာန်ပေါ် အသာအယာ ထိုင်လိုက်တယ် ...

စောဖြူလည်း သမ္ဗာန်နှင့် ကမ်းနားကငုတ်တိုင်မှာတွဲချည် ထားတဲ့ကြိုးကိုဖြုတ်၍ သမ္ဗာန်ကိုတွန်းကာ ထွက်လာတယ်။

"ဟင် ... "

သူ့သမ္ဗာန်က ရေထဲမှာ လိုအပ်သည်ထက်ပို၍ လေးလံနေ တယ်။





"ဘာဖြစ်လို့လဲ ရှင် ... "

မိန်းကလေးက သမ္ဗာန်ဦးဘက်မှ စောဖြူနှင့် မျက်နှာချင်းဆိုင် အနေအထားမှ စီးလာရင်းမေးလိုက်တယ် ...

စောဖြူက ...

"ဘာမှ မဖြစ်ပါဘူး"

ပြန်ဖြေတော့ မိန်းကလေးက ပြုံးလိုက်တယ်။ အမှောင်က တဖြည်းဖြည်း ပိုသိပ်သည်းလာတယ်။

မြစ်ပြင်ကျယ်မှာ လေလေးတွေကလည်း အဆက်မပြတ်ဖြူး နေအောင်တိုက်တာကြောင့် ဆံပင်ရှည်နှင့် မိန်းကလေးရဲ့ ဆံပင်တို့ ကလေထဲမှာ ဝဲနေတယ် ...

"ရှင် ... ဒီမြစ်ကြောမှာ သမ္ဗာန်ခပ်တာကြာပြီလား"

"ဟုတ်ကဲ့ ... သုံးလေးနှစ်လောက်ရှိပါပြီ"

"သြော် ... "

မိန်းကလေးက ထိုကဲ့သို့ပြောရင်း စကားဆက်မပြောဘဲ မြစ်ရေ တို့ကိုငေးနေပြန်တယ်။

စောဖြူ သမ္ဗာန်ခပ်ရင်း စဉ်းစားတယ် ...

ကျောက်ရေကန်ရွာကလူတွေ အခုလိုအချိန် မြို့ကအသွား အပြန်မရှိကြ ... သူတို့ရွာမှ မနက်ဆို မော်တော်ထွက်ပြီး မြို့ ဆိပ်ကမ်းကို လာကြတယ် ...

နေ့လည်ဆို ပြန်ကြပြီ ...

မော်တော်မမီတဲ့ တချို့တလေသာ မြို့ကဝယ်တဲ့ပစ္စည်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမှာန်ငှားပြန်ကြတာ။ ဒါဟာလည်း အခုလိုအချိန်မဟုတ် ညနေလေးနာရီလောက် နောက်အကျဆုံး ...

အခုတော့ ...

ဒီမိန်းကလေးက ဘယ်လိုအကြောင်းနဲ့ မြို့ကပြန်လာတာလဲဆိုတာ စဉ်းစားနေမိတယ် ...

"ရှင် ... ကျွန်မအကြောင်း စဉ်းစားနေတာမလား"

"ဟင် ... "

ရုတ်တရက် မိန်းကလေးအမေးကြောင့် စောဖြူလန့်သွားတယ် သူ့စိတ်ထဲက အတွေးကို မိန်းကလေးက ဘာကြောင့်သိနေတာလဲ။

"ကျွန်မ မြို့သွားတာ ကျွန်မချစ်သူကိုသွားရှာတာ"

"ဟုတ်ကဲ့ ... "

"မတွေ့ခဲ့ပါဘူး ... "

မိန်းကလေးက မျက်နှာလေးငယ်ငယ်နဲ့ပြောတယ်။

စောဖြူက ...

"ဘာလို့လဲ ... "

"မြို့ထဲဝင်လို့ မရလို့လေ ... "

"ဟင် ... "

စောဖြူ အံ့ဩသွားတယ် ... မြို့ထဲကို ဘယ်သူမဆို ဝင်ထွက်သွားလာလို့ ရတာပဲ ... ။

"ကျွန်မ ချစ်သူနာမည်က နောင်လတဲ့ ... မြို့ကပွဲရုံမှာ





စာရေးလုပ်တယ် ... တကယ်လို့ ရှင်နဲ့ဆုံခဲ့ရင် သူ့နောက်ကို ကျွန်မလိုက်လာတယ်လို့ ပြောပေးပါ ... "

"ဪ ... အင်း"

စောဖြူက အလိုက်သင့် ခေါင်းညိတ်လိုက်တယ်။ မိန်းကလေးက ခပ်ဝေးဝေးကို ရီဝေစွာနဲ့ကြည့်ပြီး ...

"ကျွန်မနဲ့ ကျွန်မချစ်သူက သိပ်ချစ်ကြတဲ့ချစ်သူတွေပါ၊ ဒါပေမယ့် ... ကျွန်မမိဘတွေက သူနဲ့သဘောမတူကြဘူးလေ"

"ဪ ... "

"သူက ဆင်းရဲတယ်၊ ဒါပေမယ့် စာကြိုးစားတယ်၊ သူ့ဦးလေးအကူအညီနဲ့ မြို့ကျောင်းမှာ ဆယ်တန်းအောင်,အောင်ဖြေနိုင်တယ် ...

ဆယ်တန်းအောင်တော့ သူ့အသိပွဲရုံမှာ စာရေးဝင်လုပ်ရင်း တက္ကသိုလ်တက်ဖို့ ကြိုးစားနေတာ"

"ဟုတ်လား ... "

စောဖြူက မိန်းကလေးပြောတဲ့ စကားကိုထောက်ပေးလိုက်တယ်။

"ကျွန်မ မိဘတွေက သူတို့လိုပိုက်ဆံရှိတဲ့ သူဌေးတစ်ယောက်ရဲ့သားနဲ့အတင်းပေးစားဖို့လုပ်တာနဲ့ ကျွန်မမြို့သွားပြီး သူ့သွားရှာတာ"

"အခု မတွေ့တော့ ... "

"ဘာ တတ်နိုင်မှာလဲ ... ရွာပဲပြန်ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာပြန်တော့ ခင်ဗျားမိဘ သဘောတူသူနဲ့ လက်ထပ်ရမှာမလား"

စောဖြူကမေးတော့ မိန်းကလေးက ပြုံးလိုက်တယ် ...

ပြီးတော့ ...

"အဲဒီလူ ကျွန်မကို လက်မထပ်တော့ပါဘူး"

"ဟင် ... ဘာလို့လဲ"

စောဖြူက မေးပေမယ့် မိန်းကလေးက ပြန်မဖြေပါ။ ရေပြင်ကိုသာ ငေးကြည့်လို့နေတယ် ... ရွာနားကိုရောက်လာတယ် ... မြစ်က ရွာပြင်တလျှောက်မှာ ရှိတာကြောင့် စောဖြူက–

"ကျွန်တော် လှေကိုဘယ်မှာ ရပ်ပေးရမလဲ"

"ရွာထိပ်က လှေဆိပ်မှာ ရပ်လို့ရမလား"

"ရတယ် ... "

မိန်းကလေးက ပြန်ဖြေတော့ စောဖြူလည်း လှေဆိပ်တံတာ

ဘေးမှာ ရပ်လိုက်တယ် ...

မိန်းကလေးက သမ္မာန်ပို့ခ စောဖြူအား ...

"ရော့"

"ဟင်"

စောဖြူလည်း လက်ထဲထည့်ပေးတဲ့ ပိုက်ဆံကိုကြည့်ပြီး အံ့ဩ

နေစဉ် ...

မိန်းကလေးမှာ တံတားပေါ်တက်၍ ရွာထဲဝင်သွားတာကို လှမ်

တွေ့လိုက်တယ် ...





စောဖြူလည်း လက်ထဲက မိန်းကလေးပေးတဲ့ ငွေတစ်မတ်ကို ဒေါသထွက်ထွက်နဲ့ ကြည့်နေစဉ် ...

"ကူးတို့ခ တစ်မတ်ပဲရမှာပေါ့ ... ရှင်ကဘယ်လောက်လိုချင်လို့လဲ"

"ဟင် ... "

ဘေးနားက ကပ်ပြောတဲ့အသံကို ကြားလိုက်ရတာကြောင့် စောဖြူလည်း အထိတ်တလန့်နဲ့ သမ္မာန်ကိုကမ်းမှ အလျင်အမြန်ခွာ၍ ထွက်လာခဲ့တော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com

## ငါ့အကြောင်းသိတယ်မလား ပြောမရရင်

## အခန်း (၂)
## စုန်းမသား

"နင် ... စောအောင်နဲ့ လက်ထပ်ရမယ် ကြည်နူး"

ဖခင်ဖြစ်သူရဲ့ တစ်ချက်လွှတ်စကားကြောင့် ကြည်နူးမျက်ရည်တွေဝေ့တက်လို့သွားတယ် ...

"သားသမီးဆိုတာ မိဘစီစဉ်တဲ့အတိုင်း လိုက်နာရမယ်၊ ဟိုဟာ မလုပ်ချင်ဘူး၊ ဒီဟာ မလုပ်ချင်ဘူး လုပ်လို့မရဘူး ...

ငါ့အကြောင်း သိတယ်မလား။ ပြောမရရင် သတ်ပစ်လိုက်မယ် အမှန်က နာမည်တော့ အပျက်မခံဘူး"

ဖခင်ရဲ့ ကြိမ်းမောင်းသံက ဟိန်းထွက်လို့နေတယ် ...

"အဖေ အဲဒီလူကြီးက သမီးထက် ... "

"တိတ်စမ်း ... ကြည်နူး၊ မောင်စောအောင်က နင့်ထက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလှဆယ်နှစ်ပေါ့ ... ရုပ်ချောတာ လှတာ ဘာလုပ်စားလို့ရမှာလဲ ... သူ့မှာ ပိုင်ဆိုင်မှုအများကြီး လယ်တွေ အင်းတွေ ငါးကန်တွေ အဲဒီကဝင်တဲ့ ဝင်ငွေကသုံးမကုန်ဘူး ... ''

ဖခင်ရဲ့ စကားသံတွေ ကြည်နူးနားထဲမှာ မကြားတစ်ချက်ကြားတစ်ချက်ဖြစ်နေတယ် ...

သူတွေးနေတာက သူချစ်သူ နောင်လနဲ့သူ ဘယ်လိုပေါင်းဖို့လုပ်ရမလဲဆိုတာပဲ ...

''မောင်စောအောင်က လိုလိုလားလားနဲ့ သူ့မိဘတွေနဲ့လာကြောင်းလမ်းနိုင်းတာ ... ဒီနယ်တစ်ကြောမှာ မောင်စောအောင်လို လူမျိုးကို မလိုချင်တဲ့လူ ရှိမလား ...

ငါတို့ချမ်းသာတယ်ဆိုတာ မောင်စောအောင်တို့နဲ့ယှဉ်ရင်ဘာဟုတ်လို့လဲ ... ''

''သမီးမှ သူ့ကို လက်မထပ်ချင်တာ''

''ဘာ ... ''

ကြည်နူးစကားကြောင့် ဦးဘမှန်ရဲ့ဒေါသသံက ကျယ်ကျယ်လောင်လောင်ကို ထွက်ပေါ်လာတယ် ...

မိခင်ဖြစ်သူ ဒေါ်ဆွေက ...

''သမီး အဖေကို အဲလိုမပြောရဘူးလေ''

ဝင်ပြီး ဟန့်တယ် ...

''သမီးတကယ်ပြောတာ အမေ ... ကိုစောအောင်ကိုသမီးလုံးဝ လက်မထပ်နိုင်ဘူး''





ကြည်နူးက ဖခင်စကားကို ဆန့်ကျင်ကာ ပြတ်ပြတ်သားသားကို ငြင်းလိုက်တယ် ...

ဖခင်ဦးဘမှန်ရဲ့မျက်နှာ နီရဲလို့သွားတယ် ...

''ကြည်နူး နင်က ငါ့စကားကိုဆန့်ကျင်နေတာလား''

''အဖေ့စကားကို သမီးဘယ်တုန်းကမှ မဆန့်ကျင်ခဲ့ဘူးအဖေအခုကိစ္စက သမီးတစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စမို့ငြင်းရတာပါ''

''အေး ... နင်ကလည်းငြင်း ငါကလည်း ငါလက်ခံတဲ့ကိစ္စကို ဖြစ်အောင်လုပ်မှာ မှတ်ထား ... ဘမှန်တဲ့ ကိုယ်စီစဉ်တဲ့ကိစ္စမဖြစ်ရင် ရာဇဝင်ရိုင်းသွားမှာပေါ့ ...

မဆွေ နင့်သမီးကို အခုချိန်ကစပြီး အိမ်ထဲကအိမ်ပြင် မထွက်စေနဲ့''

ဦးဘမှန်ကပြော၍ အိမ်ပေါ်မှဆင်းသွားတယ် ... ကြည်နူးကတော့ မျက်နှာကိုလက်ဝါးနဲ့အုပ်ကာ တရှုံ့ရှုံ့ငိုတော့တယ် ...။

''သမီးရယ် ... သမီးအဖေက သမီးဘဝတစ်ခုလုံး အဆင်ပြေအောင် စီစဉ်တာပါ''

မိခင်ကချော့ကာပြောတော့ ကြည်နူးက ရှိုက်ငိုရင်းမှ ...

''အဖေက စေတနာနဲ့စီစဉ်တာတော့ စီစဉ်တာပေါ့အမေရယ်၊ ဒါပေမယ့် သမီးရဲ့ခံစားချက်ကိုထည့်စဉ်းစားပေးမှ ဖြစ်မှာပေါ့၊ အဲဒီလူကြီးကို သမီးဘယ်လိုမှ မေတ္တာလို့မှ မရတာ''

''ဒါတော့ ဒါပေါ့ကွယ် ... အမေနဲ့ သမီးအဖေတုန်းကမိဘတွေပေးစားလို့ ယူခဲ့ကြတာပဲ၊ အိမ်ထောင်မကျခင်က တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ တစ်ယောက် မြင်ဖူးခဲ့တာ မဟုတ်ဘူး''

မိခင်ရဲ့စကားကို ကြည်နူးကခေါင်းခါလိုက်တယ် ...

''အမေနဲ့ အဖေတို့တုန်းက အဖြစ်အပျက်နဲ့ သမီးအဖြစ်က မတူတော့ဘူး အမေ ...''

''ဟင် ... ဘာလို့လဲ သမီး''

''သမီးမှာ ချစ်သူရှိတယ်''

''ဘယ်လို ...''

ဒေါ်ဆွေမြင့် အံ့ဩသွားတယ် ... သူတို့က သူတို့သမီးမှာ ချစ်သူရည်းစားရှိတယ်လို့ ထင်မထားဘူးလေ ...။

''ဟုတ်တယ် အမေ ... သမီး သမီးချစ်သူကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်ဘူး''

''ဟင် ... သမီးချစ်သူက ဘယ်သူလဲ ... အမေ့ကို ပြောစမ်း''

ဒေါ်ဆွေမြင့် စိုးရိမ်စွာနဲ့ အလျင်အမြန် မေးလိုက်တယ်။ ကြည်နူးက တစ်ချက်ရှိုက်လိုက်ပြီး ...

''နောင်လပါ အမေ ...''

''ဟင် ...''

ဒေါ်ဆွေမြင့် ခေါင်းတစ်ခုလုံး ချာလည်လည်သွားတယ်။ နောင်လဆိုတာ ဒေါ်ရင်ဖာရဲ့သား ...

အခုတော့ ရွာမှာမရှိ ...

''ဟို ... ဒေါ်ရင်ဖာသား နောင်လကို ပြောတာလား''





''ဟုတ်တယ် အမေ ...''

ကြည်နူးက ခေါင်းညိတ်ရင်းဖြေတယ် ... ဒေါ်ဆွေမြင့်က

''ဟင့်အင်း ... သမီးနဲ့ ဒေါ်ရင်ဖာသား လုံးဝ မဖြစ်ရဘူး မဖြစ်ဘူး သမီး ... ဒေါ်ရင်ဖာဟာ ဘာလဲဆိုတာ သမီးသိတယ် မလား ...''

''အမေရယ် ... သူ့အမေက ဘာပဲဖြစ်ဖြစ် သမီးက နောင်လနဲ့ ချစ်သူဖြစ်ကြတာပါ။ နောင်လက အခုဆို ဆယ်တန်း အောင်ပြီးပြီ ... မြို့ကပွဲရုံမှာ အလုပ်လုပ်နေတာလေ''

ကြည်နူးက မိခင်ရဲ့လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောတယ်။

ဒေါ်ဆွေမြင့်က ...

''မဟုတ်ဘူး သမီး၊ ဒီနယ်တကြောမှာ ဒေါ်ရင်ဖာကို စုန်းမ တစ်ယောက်လို့ လူတိုင်းသိထားကြတာလေ ... သူ့ကို ဘယ်သူမှ ဆေးဖော်ကြောဖက်လုပ်ကြတာ မဟုတ်ဘူး ... ပြီးတော့ သူက ပရလောကသားတွေကို လိုသလိုခိုင်းလို့ရတဲ့ အောက်လမ်းဆရာ မလား ...

သူ့သားနဲ့မှ သမီးကသွားပတ်သက်ရတယ်လို့ ... တခြား တစ်ယောက်ယောက်ဆို သမီးအဖေကို အမေချော့ပြောလို့ရဦးမယ်''

''အမေရယ် လူတွေကထင်တာပါ''

ကြည်နူးက နောင်လအမေ ဒေါ်ရင်ဖာဘက်မှ လိုက်၍ဖာဖာ ထေးထေးပြောတယ် ...

''ထင်တာမဟုတ်ဘူး ... သမီး သူတို့က မျိုးရိုးစဉ်ဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပညာတက်ကြတာ သူယောက်ျား ကိုသာဒင်ကြီးက သူ့ကိုရိုက်လို့ဆို ပြီး သူကိုယ်တိုင် အပင်းထည့်ပြီး သတ်လိုက်တာ''

''လူတွေက ချဲ့ကားပြောတာအမေ''

''ချဲ့ပြောတာမဟုတ်ဘူး . . . ကိုသာဒင်ကြီးသေတော့ အလောင်းထဲက လောက်ကောင်တွေ ထွက်လာတာ တစ်ရွာလုံးသိ တယ် . . .

ပြီးတော့ သူက သရဲမွေးပြီးခိုင်းစားတာ သမီးရဲ့''

မိခင်က သူထင်တာတွေပြောတာကြောင့် ကြည်နူးလည်း ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်တယ် . . .

''လူငယ်သဘာဝ ချစ်ကြကြိုက်ကြတယ်ဆိုပေမယ့် . . . ဘဝတစ်ခုလုံးနဲ့ ယှဉ်လို့ခံစားရရင် ဘာမှမဟုတ်ပါဘူး သမီးရယ် အမေတို့ စကားနားထောင်ပါ''

မိခင်ကချော့ကာပြောတဲ့စကားကို ကြည်နူးက ခေါင်းလည်း မခါ . . . ခေါင်းလည်းမညိတ်ပေမယ့် သူ့စိတ်ထဲမှာတော့ နိုင်မာတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချလို့ထားလိုက်တယ်လေ . . .



သူနေတာ ဒီမြို့တော်ကမန်းကျည်းပင်မှာ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## မန်းကျည်းပင်မှာနေတယ်

"ကဲ ... နင် ဘာလုပ်ချင်လို့လဲ"

ဒေါ်ရင်ဖာက သူ့ရှေ့ထိုင်နေတဲ့ မိန်းမနှစ်ယောက်ကို မေးလိုက်တယ် ... သူ့အိမ်မှာ ဘုရားစင်မရှိဘူး၊ ,စင်တစ်စင်တော့ရှိတယ် အဲဒီစင်ပေါ်မှာ အရိုးခေါင်းတစ်ခု ပြာအိုးတစ်လုံးနဲ့ အရောင်မပေါ်တဲ့ ရုပ်ထု အမြောက်အမြားတင်ထားတယ် ...

"ကျွန်မတို့ညီအစ်မကို ဟိုမိန်းမ တော်တော့်ကိုဒုက္ခပေးပါတယ် ... ဆရာမကြီး"

"ဟင် ... နင်တို့ကလည်း အဲဒီမိန်းမက နင်တို့အစ်ကိုမိန်းမ နင်တို့ ယောင်းမ မလား"

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမယ့် သူက ကျွန်မတို့ မိဘတွေထားခဲ့တဲ့ အမွေတွေကို တစ်ယောက်ထဲအပိုင်စီးချင်နေတာ





အဲဒါကြောင့် ဆရာမကြီး ကျွန်မတို့ညီအစ်မကိုကူညီပေးပါ၊ ဆရာမကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်"

ထိုစကားကြောင့် ဒေါ်ရင်ဖာမျက်နှာ ပြုံးသွားတယ်။

"ဟုတ်ပြီလေ ... အသေလုပ်ပေးရမှာလား၊ အိပ်ရာထဲက မထနိုင်အောင် လုပ်ရမှာလား ... ကြိုက်တာပြော ... အေး နင်တို့ကလည်း ပေးထားတဲ့ ကတိအတိုင်းတည်ဖို့လိုတယ်"

"စိတ်ချပါ ဆရာမကြီး"

ညီအစ်မနှစ်ယောက်က သူတို့အိတ်ထဲက ငွေစက္ကူတချို့ကို ထုတ်ပြီး ဒေါ်ရင်ဖာကို ကန်တော့လိုက်တယ် ...

ဒေါ်ရင်ဖာက ငွေတွေကိုယူပြီး ...

"အပင်းထည့်ပေးမယ် ... "

"ရှင် ... "

"ငါပေးလိုက်တဲ့ မြေမှုန့်ကိုယူပြီး ဟိုကောင်မကို အစာတစ်ခုခုထဲ နယ်ကျွေးလိုက်"

"ဟုတ် ... ဟုတ်ကဲ့"

"အေး ... ဗိုက်ထဲအပင်းရောက်တာနဲ့ သူ့ကိုငါ့အကောင်တွေက ကောင်းကောင်းနှိပ်စက်ပြီ ... ဒင်း ခံပေတော့"

"အားကိုးပါတယ် ... ဆရာမကြီးရယ်"

ဒေါ်ရင်ဖာက စင်ပေါ်ရှိအိုးထဲက မြေမှုန့်တစ်ဆုပ်ကိုယူ၍ စက္ကူထဲသေချာထည့်ထုပ်ပြီး ...

"ရော့ ယူသွား ... ငါပြောတဲ့အတိုင်းသေချာလုပ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ... ''

ညီအစ်မနှစ်ယောက်က ဒေါ်ရင်ဖာပေးတာကို တရိုတသေယူ၍ ဝမ်းသာအားရ ထွက်သွားတော့တယ် ...

ခဏကြာတော့ ဒေါ်ရင်ဖာ အိမ်ပေါ်ကိုလူတစ်ယောက်တက်လာတယ် ...

''ဘာကိစ္စလဲ ဟေ့ ... ''

''အဘွား ... ကျွန်တော် ဖိုးစေပါ၊ ရွာမြောက်ပိုင်းကပါ''

ဖိုးစေက ဒေါ်ရင်ဖာရှေ့မှာ တရိုတသေထိုင်ပြီးပြောတယ်။

''အေး ... ပြော''

''ကျွန်တော့်မိန်းမ လွန်ခဲ့တဲ့ တစ်လကဆုံးသွားပါတယ်၊ အဲဒါ ဘယ်ဘဝရောက်နေလဲဆိုတာ သိချင်လို့လာတာပါ''

ဖိုးစေက အိတ်ထဲက ငွေစက္ကူတချို့ကိုထုတ်၍ ဒေါ်ရင်ဖာကို တရိုတသေပေးရင်းပြောတယ် ...

ဒေါ်ရင်ဖာက မျက်စိကိုမှိတ်ထားလိုက်တယ် ...

ပြီးမှ ...

''သရဲဖြစ်နေတယ် နင်တို့ခြံပိုင်းထောင့်က မန်းကျည်းပင်မှာ နေတယ်''

''ဗျာ ... ''

ဖိုးစေ လန့်သွားတယ်။ သူ့မှာ ခြောက်လသားအရွယ်သမီး လေးတစ်ယောက်ရှိတယ် ...

ဒေါ်ရင်ဖာကဆက်ပြီး ...





''နင့်မယားက သူ့ကလေးကိုစိတ်မချဘူး ... ကလေးငိုရင် ကလေးကိုလာချော့တယ်၊ နင့်ကိုလည်း တအားစိတ်တိုနေတယ်''

''ဘာ ... ဘာဖြစ်လို့လဲ''

''နင်က ကလေးကိုမှ ဂရုမစိုက်တာ၊ အိပ်လိုက်ရင် ကုလားသေ ကုလားမော ... ပြီးတော့ ရွာနောက်ပိုင်းက တစ်ခုလပ်မ မိစိန်အေးနဲ့ ရောရောလုပ်နေတယ်မလား၊ အဲဒါကို နင့်မယားက မကျေနပ်ဘူး''

''ဟင် ... ''

ဖိုးစေ ကြောက်လန့်သွားတယ်။ သူ သိုသိုသိပ်သိပ် လုပ်တဲ့ ကိစ္စကို ဒေါ်ရင်ဖာက သိနေတယ်။

သူ့ဘေးမှာလည်း တစ်ယောက်ယောက်က ပြောနေသလိုမျိုး။

''နင် ဆင်ဆင်ခြင်ခြင်နေတဲ့ ... အခုထက်ပိုဆိုးလာရင် နင့်ကိုဂုတ်ချိုးသတ်မယ်လို့ ပြောနေတယ်''

''ဟို ... ဟိုလေ ကျွန်တော့်မိန်းမ ကျွတ်လွတ်အောင် ဘယ်လိုလုပ်ရမလဲ''

ဒေါ်ရင်ဖာက ဘာမှမပြောသေးဘဲ ဖိုးစေကိုစိုက်ကြည့်လိုက်တယ် ... ပြီးမှ စကားကို တစ်လုံးချင်းနှင့် ...

''သူ့ကို လုံးဝ အမျှမဝေပါနဲ့တဲ့ ... ''

ပြောလိုက်ရာ ဖိုးစေလည်း ခေါင်းကိုညိတ်လျက်ထပြန်လာခဲ့တော့တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

"အု ... ဂူး"

ညည်းအတော့်ကိုနက်နေပြီ မဲမှောင်နေတဲ့ ညအမှောင်ထဲမှ ရုတ်တရက် ခွေးအူလိုက်တဲ့အသံကြောင့် ဖိုးစေလန့်နိုးလာတယ်။

"ဟင်"

သူ့ဘေးမှာအိပ်နေတဲ့ ကလေးမရှိတော့တာကြောင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ထထိုင်လိုက်တယ် ... ။

ပြီးတော့ ... မီးခြစ်ကိုလက်နဲ့စမ်းရှာပြီး မီးခွက်ထွန်းလိုက်တယ် ...

"ဟင် ... "

သူမျက်လုံးကို သူဘယ်လိုမှ မယုံနိုင်။ အိပ်ရာဘေးမှာ မိန်းမ တစ်ယောက်သူ့ကို ကျောခိုင်းထိုင်နေတယ် ... ။

"ဟဲ့ ... နင် ... နင် ဘယ်သူလဲ"

ဖိုးစေက ကြောက်ကြောက်နဲ့ မေးလိုက်ရာ။

"ဟဲ့ ... နင် ကိုယ့်မယားတောင် ကိုယ်မသိဘူးလား"





"ဟင် ... "

အသံညြသြနှင့်ပြောရာ ဖိုးစေ လွန်စွာ ကြောက်လန့်သွားတယ်

"မိမိုး နင် ... နင်က သေသွားပြီလေ ... ဘာလာလုပ်တာလဲ"

"ဟား ... ဟား ... ဟား"

မိမိုးက ကြောက်မက်ဖွယ်အသံကြီးနဲ့ ရယ်မောလိုက်ရာ ဖိုးစေ အသားတွေ တဆက်ဆက်တုန်သွားတယ် ...

"ဟဲ့ ... ဖိုးစေ နင်က ကိုယ့်သားသမီးကို ဂရုမစိုက်တာ ကလေးက ငိုနေတာကြာပြီ ... နင်က နိုးမှမနိုးတာ ... နင်မနိုး တော့ ငါလာရတာပေါ့ ... "

"ဟို ... ဟို"

ဖိုးစေက ဘာဆက်ပြောရမှန်း မသိ။

"နင် ဟိုကောင်မနဲ့ ရှုပ်ရှုပ်လုပ်နေတာ ငါသိတယ်နော်"

"မ ... မဟုတ်ပါဘူး"

"ဘာ ... မဟုတ်တာလဲ၊ နင်တို့အကြောင်း ငါမသိဘူး များ မှတ်နေလား"

မိမိုးက လေသံမာမာနဲ့ ပြောလိုက်ရာ ဖိုးစေတုန်သွားတယ်။

"နင်မှတ်ထား နောက်တစ်ခါ အဲဒီကောင်မနဲ့ ရှုပ်ရှုပ်လုပ်ရင် နှစ်ယောက်လုံးကို ဂုတ်ချိုးသတ်ပစ်မယ် ... "

"အင်း ... အင်းပါ"

ဖိုးစေက ကြောက်ကြောက်နဲ့ ခေါင်းညိတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ကလေး"

ကျောခိုင်းနေတဲ့ မိမိုးက ဖိုးစေဘက်တဖြည်းဖြည်းလှည့်လာပြီး သူ့လက်ထဲအိပ်ပျော်နေတဲ့ ကလေးကို ဖိုးစေအားပေးရာ ဖိုးစေက ကလေးကိုအသာပွေ့ယူပြီး သူ့ဘေးချသိပ်လိုက်တယ် . . .

"နင်သေချာ ကလေးကိုဂရုစိုက်"

"အင်း"

မိမိုးက တဖြည်းဖြည်း မတ်တတ်ထရပ်လိုက်တယ်။

ဖိုးစေက မရဲတရဲနဲ့ သူ့မိန်းမမျက်နှာကို မော့ကြည့်လိုက်ရာ

"အမလေး . . . "

လွန်စွာ ကြောက်စရာကောင်းလှတဲ့ မျက်နှာကြီးကြောင့် အထိတ်တလန့်ဖြစ်သွားတယ်။

ပါးနှစ်ဖက်ကချိုင့်ဝင်နေပြီး မျက်လုံးမှာပြူးထွက်လို့နေတယ် ဆံပင်တို့မှာလည်း ဖားလျားကျနေတယ်။

မိမိုးက . . .

"ဘာလဲ . . . နင်က ငါ့မျက်နှာကိုကြောက်နေတာလား"

မေးရာ ဖိုးစေက

"မ . . . မဟုတ်ပါဘူး"

"မကြောက်ရင် နင်နဲ့ငါလာအိပ်မယ်လေ"

"ဟို . . . ဟို"

ဖိုးစေက ဘာပြောရမှန်းမသိဘူး ဖြစ်နေစဉ် . . .

မိမိုးက





"ဟား . . . ဟား . . . ဖိုးစေ နင်က ငါ့ကိုမယားတော်ရမှာ ကြောက်နေတယ်ပေါ့၊ အေးပါ . . . ရပါတယ် ငါခြတောင့်က မန်ကျည်းပင်မှာပဲ နေမှာပါ"

ပြော၍ အိမ်ပေါ်ကဆင်းလို့သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

**တစ္ဆေနေတဲ့အပင်ကို ခုတ်လိုက်တဲ့အခါ . . .**

## အခန်း (၄)
## အပင်ခုတ်ခဲ့

"ဟော့ကောင် . . . ဖိုးစေ လာဦး "

"ဟုတ်ကဲ့ သူဌေး . . . "

သူဌေးဦးဘမှန် လှမ်းခေါ်လိုက်တာကြောင့် ဖိုးစေ အိမ်ပေါ် တက်လာတယ်။ ဖိုးစေက ဦးဘမှန်ရဲ့ လူယုံတစ်ယောက် ဦးဘမှန် နိုင်းသမျှ တောက်တိုမယ်ရ အကုန်လုပ်ရသူ . . . ။

"ရွာနောက်ခြမ်းက ငါ့ခြံကို သိတယ်မလား"

"ဟုတ်ကဲ့ . . . သိပါတယ် သူဌေး"

ဦးဘမှန်က ခေါင်းညိတ်ပြီး

"အေး . . . အဲဒီခြံထဲမှာရှိတဲ့အိမ်ကို အကောင်းဆုံးဖြစ်အောင် ပြင်မယ်"

"ဟုတ်ကဲ့ သူဌေး"



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်တဲ့ ပစ္စည်းတွေကို မနက်ဖြန်မြို့တက်ဝယ်မယ်၊ သစ်ကိုတော့ ရွာထဲက အပင်ကြီးတချို့ကို ခုတ်ပြီးသုံးမယ်"

"ဘာအတွက်လဲ သူဌေး ..."

ဖိုးစေက မေးရာ ဦးဘမှန်က ...

"ရှည်မနေနဲ့ ငါပြောတာကို မှတ်ထား၊ မင်းသွားတော့ရပြီ ဩော် ... ဒါနဲ့ လှေသမားတွေလိုတာ လုပ်ပေးလိုက်ဦး"

"ဟုတ်ကဲ့ သူဌေး ..."

သူဌေးဦးဘမှန်က ငါးဖမ်းလှေများစွာပိုင်တယ်။ ပင်လယ်ထဲ ငါးဖမ်းထွက်တဲ့ လှေသမားတွေအတွက် ပိုက် စားဖို့ရိက္ခာစတာတွေကို ပြင်ဆင်ပေးရတယ် ...

ရလာတဲ့ ငါးတွေကိုပြန်ဝယ် မြို့ကငါးဒိုင်တွေကိုပို့ တချို့ ဒိုင်တွေက သူ့ဆီကလာဝယ် ငါးခြောက်ခွဲလို့ရတဲ့ငါးတွေကိုခွဲနဲ့ အလုပ်သမား မြောက်မြားစွာရှိတယ် ...

သူတစ်ယောက်ထဲဆို ပစ္စည်းက အခုလောက်ရှိတာမဟုတ်ဘူး။

ကိုစောအောင်ဆိုတဲ့ လူတစ်ယောက်ရဲ့အထောက်အပံ့ကြောင့် သာ ကြီးပွားနေခြင်းဖြစ်တယ်။

အခုလည်း ကိုစောအောင်နဲ့ သူ့သမီးကိုလက်ထပ်ပေးပြီး ရွာနောက်ပိုင်းမှာနေဖို့ အိမ်ကိုပြုပြင်ဖို့လုပ်နေတယ်။

ကိုစောအောင်ကို သားမက်တော်လိုက်ပါက သူ့အလုပ်တွေ အခုထက်ပိုမိုအောင်မြင်လာမယ် သူ့အရှိန်အဝါပိုကြီးလာမယ်လေ။





ထိုစဉ် ...

"သူဌေး ..."

"ဟေ ... ဘာလဲကွ"

အလုပ်သမားတစ်ယောက်ဖြစ်တဲ့ ဖိုးလုံးလာခေါ်နေတဲ့အသံကြောင့် ဦးဘမှန် လန့်သွားတယ် ...

"ကိုစောအောင်တို့ စက်လှေနဲ့လာနေတယ်"

"ဟေ ... ဟုတ်လား"

ဦးဘမှန်က ထိုင်ရာမှထ၍ အလျင်အမြန် ကမ်းနားသို့ဆင်းကာ ကြိုလိုက်တယ်။ ကိုစောအောင်ရဲ့ စက်လှေက ကမ်းနားကပ်တော့ ကိုစောအောင်က လှေပေါ်ကဆင်းလာတယ် ...

"လာ ... မောင်စောအောင် ဦးလည်းမောင်စောအောင်ကို မျှော်နေတာ ..."

"ဟုတ်ကဲ့ ... ဦး"

ကိုစောအောင်က အသက်သုံးဆယ်ဝန်းကျင်လောက်ရှိပြီး ရုပ်ရည်က ခပ်ချောချော စကားပြောအလွန်ကောင်းတယ်။

မိန်းကလေးကိုစွဲတွေ ခပ်ရှုပ်ရှုပ်ပေမယ့် လွန်စွာရုပ်ရည်ချောမောတဲ့ ဦးဘမှန်သမီး ကြည်နူးကိုတော့ သဘောကျနှစ်သက်ကာ လက်ထပ်လိုသူ တစ်ယောက်ဖြစ်တယ် ...

"ဦး ရွာအနောက်ပိုင်းက အိမ်ကိုပြင်ခိုင်းထားတယ် ... မောင်စောအောင်နဲ့သမီး လက်ထပ်ပြီးရင်နေဖို့လေ ..."

ဦးဘမှန်ကပြောတော့ ကိုစောအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က မြို့မှာနေမှာလေ ဦးရဲ့ ... မြို့လယ်က ခြံနဲ့တိုက်ကိုတောင် အကောင်းဆုံးပြင်ခိုင်းထားပြီးပြီလေ"

"ဟုတ်ပါတယ် ... ရွာမှာလည်းလက်ထပ်ပွဲလုပ်ဦးမှာပဲမလား ရွာမှာနေတဲ့အခါကြတော့ ... ဦး အခုပြင်ဆောက်မယ့်အိမ်မှာ နေကြပေါ့ ..."

ကိုစောအောင်က ခေါင်းကိုတညိတ်ညိတ်လုပ်ရင်း ...

"ဟုတ်ပါတယ် ... ကြည်နူးသဘောပါပဲ၊ ဦး သူ့ရွာမှာလည်း သူနေချင်မှာပေါ့"

"ဦး သိတယ်လေ ... ဒါနဲ့ မောင်စောအောင် နိုင်ငံခြားပို့ဖို့ ဆိုဒ်ဝင်တဲ့ ငါးတွေ ဦးကောက်ဖို့လုပ်ရမလား"

"ကောက်လိုက် ဦး ... ပြီးရင် မြို့ကကျွန်တော်ဒိုင်ကိုပို့ လိုက်လေ ..."

"ဝမ်းသာလိုက်တာ မောင်စောအောင်ရယ် ... ဒီမှာက ဘာဈေးမှရတာ မဟုတ်ဘူး ... အခုလို ပို့ခွင့်ရရင် ဦးတော်တော် အဆင်ပြေမှာ"

"ဟုတ်ကဲ့ ... ဦး"

ကိုစောအောင်ကပြောတော့ ဦးဘမှန်လည်း သဘောအလွန်ကျပြီး ကိုစောအောင်အား အိမ်သို့ခေါ်လာခဲ့တော့တယ်။



## အိမ်ဟောင်းကို ဖျက်လိုက်မှကောင်းမယ်လို့ပြောတဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## တဖွဖွနေတဲ့အပင်

"အမေကြီးရေ မောင်စောအောင် ပါလာတယ်ဟေ့"

ခြံဝရောက်တာနဲ့ ဦးဘမှန်ကအော်လိုက်ရာ အိမ်အလုပ်သမားတစ်ယောက်က ခြံတံခါးလာဖွင့်ပေးတယ် ...

"လာ မောင်စောအောင်"

ဦးဘမှန်ရဲ့အိမ်က တောအရပ်ဆိုပေမယ့် တိုက်ခံနှစ်ထပ်အိမ်ကို မြို့ဆန်ဆန်ဆောက်ထားတယ် ...

ကျောက်ရေကန်တစ်ရွာလုံးမှာတော့ အခမ်းနားဆုံးအိမ်တစ်အိမ်ဖြစ်တယ်။

"လာ ... ထိုင် မောင်စောအောင်"

"ဟုတ်ကဲ့ ... "

ကိုစောအောင်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်စဉ် ဦးဘမှန် မိန်းမ ဒေါ်ဆွေမြင့် ရောက်လာတယ်။





"မောင်စောအောင် ရောက်လာတာကိုး ... သမီးက အခန်းထဲမှာ ခေါ်လိုက်မယ်"

"ခေါ်လိုက် အမေကြီး"

ဦးဘမှန်ပြောတော့ ဒေါ်ဆွေမြင့်က အိပ်ခန်းထဲကကြည်နူးကို သွားခေါ်တယ် ...

"သမီး မောင်စောအောင် ရောက်နေတယ် အပြင်ထွက်ခဲ့ဦး"

"ဘာလို့လဲ ... အမေရယ် သူဘာသာလာတာပဲ၊ အဖေနဲ့ အမေနဲ့တွေ့ရင် ပြီးတာပဲ"

ကြည်နူးက ခုတင်ပေါ်မှောက်လျက်ကပြောတော့ ဒေါ်ဆွေမြင့်က ...

"ဘယ်ဟုတ်မလဲ သမီးရယ် ... အဖေနဲ့ အမေ မျက်နှာပျက်အောင် မလုပ်ပါနဲ့ ... ထွက်တွေ့လိုက်ပါ၊ မျက်နှာကိုလည်း ပြင်လိုက်ဦး ခေါင်းလဲဖြီး ... "

"အင်း ... "

ကြည်နူးက စိတ်မပါစွာထလိုက်တယ်။ မှန်တင်ခုံရှေ့မှာခေါင်းဖြီးပြီး အခန်းအပြင်ကို မိခင်နဲ့အတူထွက်လာတယ်။

"မောင်စောအောင်ရေ ... သမီးက မနက်ထဲကခေါင်းတွေကိုက်လို့ အိပ်နေတာ"

ဒေါ်ဆွေမြင့်ကပြောတော့ ကိုစောအောင်က ...

"ဟာ ... ဟုတ်လား၊ ကျွန်တော်မြို့ကိုဆေးဝယ်နိုင်းလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ပျောက်သွားပြီ"

ကြည်နူးက စိတ်မပါစွာပြောတယ် ...

ဦးဘမှန်က ...

"သမီးတို့လက်ထပ်ပြီးနေဖို့ မောင်စောအောင်က မြို့မှာတိုက်နဲ့ခြံကို အသစ်ပြင်နေတယ်တဲ့ ... "

ပြောတော့ ကိုစောအောင်က ...

"ဟုတ်တယ် ကြည်နူး ... ကြည်နူးမြို့လိုက်ကြည့်ပါလား ကြည်နူးကြိုက်တဲ့ ပုံစံလည်းပြောပေါ့ ... ကိုယ်အားလုံး စီစဉ်ပေးမယ် ... "

"ရတယ် ... "

ကိုစောအောင်က တတ်ကြွစွာပြောပေမယ့် ကြည်နူးက ကိုစောအောင်ရဲ့ မျက်နှာကိုလည်းမကြည့် စိတ်မပါစွာဖြေတယ်။

ဦးဘမှန်က သူ့သမီးအခြေအနေကိုသိတယ်။ ဒါကြောင့်

"သမီးလည်း ခေါင်းတွေကိုက်နေတယ်မလား ... မောင်စောအောင်နဲ့ ခြံထဲလမ်းလျှောက်ပါလား ... "

"ဟုတ်သားပဲ ကြည်နူး လာလေ ... ခြံထဲလမ်းလျှောက်ရအောင်"

မိခင်က ကြည်နူးရဲ့ခါးကို အတင်းတို့ပေးတာကြောင့် ကြည်နူးက မတ်တတ်ထရပ်၍ ကိုစောအောင်နဲ့ အတူခြံထဲဆင်းလာတယ်။

ခြံထဲမှာ လမ်းအတူလျှောက်ရင်း ကိုစောအောင်က ...

"ကြည်နူးကို ဦးနဲ့ အဒေါ်တို့ပြောပြီးကြပြီပေါ့"





"ဘာကိုလဲ ... "

"ကိုယ်နဲ့ ကြည်နူးလက်ထပ်ဖို့ကိစ္စကိုလေ ကိုယ်ကတော့ အရမ်းပျော်တယ်သိလား ... ကြည်နူး မင်္ဂလာပွဲကို ဘယ်မှာလုပ်ချင်လဲ ကိုယ့်ကိုပြော ကိုယ်အားလုံးစီစဉ်ပေးမယ် ... "

ကိုစောအောင်ကပြောတော့ လမ်းအတူယှဉ်လျှောက်ရင်းမှ ကြည်နူးက ကိုစောအောင်ကို မော့ကြည့်တယ် ...

"ကိုစောအောင်ကို ကျွန်မ ပြောစရာရှိတယ်"

"ပြောလေ ကြည်နူး ... ပြောပါ ကြည်နူး လုပ်ချင်တာဖြစ်ချင်တာတွေကို ကိုယ်လုပ်ပေးဖို့ အဆင်သင့်ပဲ"

ကြည်နူးက ခေါင်းရမ်းလိုက်တယ် ...

"ကိုစောအောင်လို ပိုက်ဆံချမ်းသာ အရာရာပြည့်စုံနေတဲ့လူတစ်ယောက်အတွက် မိန်းမ မရှားပါဘူး ...

တခြားတစ်ယောက်ယောက်နဲ့ လက်ထပ်ပါလား"

"ဟင် ... ဘာလို့လဲ ကြည်နူး"

ကိုစောအောင်က အံ့သြစွာမေးလိုက်တယ်။

"ကျွန်မနဲ့ ကိုစောအောင်က ချစ်သူတွေလည်း မဟုတ်ဘူး တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးကြတာလည်း မဟုတ်ဘူးလေ၊ လက်ထပ်တယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ပေတ္တာထားနိုင်ဖို့လိုတာပေါ့"

ကြည်နူးပြောတာကို ကိုစောအောင်က ပြုံးလိုက်တယ် ...

"အဲဒီအတွက် ကိစ္စမရှိပါဘူး ... ကိုယ်က ကြည်နူးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ... အိမ်ထောင်ကျရင် အမ်ိကကတစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိဖို့မလား ...

မလိုဘူး ... ရတယ်၊ ကိုယ်တို့လက်ထပ်ပြီးရင် အားလုံး အဆင်ပြေမယ်လို့ ကိုယ်ယုံကြည်တယ် ...''

''ဟင်း ...''

ကိုစောအောင်ကို ကြည်နူးဘာမှ ပြန်မပြောတော့ဘဲ သက်ပြင်းကိုသာ ချလိုက်လေတော့တယ် ...



''သူဌေး ... ကျုပ်ခုတ်ထားတဲ့ သစ်တွေကြည့်ဦး ... အဆင်ပြေတယ်မလား''

ဖိုးစေက ရွာထဲက ပျဉ်လုပ်ဖို့နဲ့ လိုအပ်တဲ့တိုင်များလုပ်ရန် ခုတ်လာတဲ့ သစ်လုံးများကို ဦးဘမှန်ပြင်မယ့် အိမ်ခြံဝိုင်းထဲ စုပုံထားတာကိုပြရင်း မေးလိုက်တယ်။

''အင်း ...''

ဦးဘမှန်က ပုံထားတဲ့သစ်လုံးတွေကို သေသေချာချာလိုက်ကြည့်တယ်။ သစ်လုံးအားလုံးလိုလိုက ဖြောင့်စင်းနေပြီး အကောင်းဆုံးသော သစ်အမျိုးအစားတွေ ဖြစ်ကြတယ်။

''ဟင် ...''

စုပုံထားတဲ့သစ်တွေနဲ့ ရောထွေးမနေပဲ တစ်နေရာမှာသပ်သပ်ရှိနေသော သစ်လုံးကိုကြည့်ပြီး ...

''ဖိုးစေ ဒီမန်းကျည်းသားက ဘာလဲကွ''



www.burmeseclassic.com

www.burmeseclassic.com



မေးရာ ဖိုးစေက ...

"ကျုပ်ခြံထောင့်ကအပင်ပါ ... လက်သမားတွေ အဆင်ပြေတဲ့ နေရာမှာသုံးပါစေ လုံးပတ်ကလည်းကြီးပါတယ် ...

ကျုပ်ခြံထဲမှာ ခုတ်ချင်နေတာကြာပြီ ... ခု သူဌေး အိမ်ပြင်တာနဲ့ ကြုံတုန်းထည့်ပေးတာ"

"ဪ ... အေး အေး ပြီးတာပဲကွာ၊ မန်းကျည်းသားကမာတယ် ... "

ဦးဘမှန်က ဝယ်ထားတဲ့ပစ္စည်းတွေကို လိုက်ကြည့်ပြီး အသင့်ရောက်လာတဲ့ လက်သမားဆရာအား ...

"ကိုကွန့်ရေ ... အကောင်းဆုံးဖြစ်အောင်သာ ပြင်ပေတော့ လိုအပ်တာရှိရင်လည်းပြောပါ ... မောင်စောအောင်က ကျသလောက်သူရှင်းမှာတဲ့ ... "

"ဟုတ်ကဲ့ ... သူဌေး၊ အိမ်ဟောင်းက ဗိုလ်တဲဆိုတော့ ပြင်ရင် အဲဒီပုံမျိုးပဲရမှာ၊ အသစ်ဆောက်မယ်ဆိုရင် ဖျက်ဆောက်ရမှာ ... "

"အသစ်တော့ မဆောက်တော့ဘူး ... သူတို့ယူပြီးရင် မြို့ပြောင်းနေကြမှာဆိုတော့ ဒီအိမ်မှာလာနေရင်ခဏဘဲ ရွာရောက်တုန်းနေဖို့ ကျုပ်စီစဉ်ပေးတာ ... "

"သူဌေး သဘောပဲလေ"

လက်သမားဆရာကပြော၍ တိုင်းတာစရာရှိတာများကို တိုင်းတာတယ် ...





ဒီမြေနေရာနဲ့ အဆောက်အဦဟာ ဟိုးယခင်က အရေးပိုင်မင်းရွာတွေကို လိုက်ကြည့်တဲ့အခါ ခေတ္တတည်းခိုဖို့ဆောက်ထားတဲ့ အဆောက်အဦဖြစ်တယ် ...

နောက်ပိုင်းမှာတော့ ဦးဘမှန်က မြေနေရာကိုဝယ်ယူလိုက်တော့ အဆောက်အဦပါသူ့ရလာတယ် ...

လူမနေဘဲ ပစ်ထားတာ နှစ်ပေါင်းများစွာကြာလာတော့ သစ်ပင်ခြုံနွယ်တွေက ထူထပ်စွာပေါက်ရောက်နေတယ် ... နေရာက ရွာအနောက်ဘက် ကုန်းအမြင့်မှာ ရှိတာကြောင့် ရွာကိုအပေါ်စီးမှ မြင်ရသလို အနောက်ဘက်မှာ ရခိုင်ရိုးမတောင်တန်းကြီးကလည်း ရှိနေတယ် ...

မြစ်ပြင်ကျယ်နဲ့ ပင်လယ်ဝထိ လှမ်းမြင်ရတာကြောင့် သဘာဝပန်းချီကားတစ်ချပ်လို ဖြစ်နေတာကြောင့် ကိုစောအောင်က အရမ်းကို သဘောကျတယ် ...

ခုတော့ ...

ဦးဘမှန်က သူပိုင်တဲ့မြေနေရာကို သူ့သမီးနဲ့လက်ထပ်မယ့် ကိုစောအောင်အတွက် အကောင်းဆုံးပြင်ဆင်ပေးနေတာလေ။

"ကိုကွန့် ကျုပ်ကမ်းနားသွားဦးမယ် ... လိုတာရှိရင် ဖိုးစေကို ပြောလိုက်"

"ဟုတ်ကဲ့ သူဌေး"

ဦးဘမှန်ထွက်သွားတော့ လက်သမားဆရာ ဦးကွန့်က

"ဖိုးစေ ... အိမ်က အိမ်ဟောင်းကြီး မိုးဒဏ်လေဒဏ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကိုပျက်စီးနေပြီ ... ငါ့သဘောဆို ဖျက်ပြီးအသစ်ဆောက်တာမှ ကောင်းမယ်ထင်တယ်''

''မသိပါဘူးဗျာ ... သူ့သားမက်လောင်းက အိမ်အဟောင်းရဲ့ ပုံစံကို ကြိုက်တယ်လို့ပြောထားလို့ဗျ ... သူပြောတဲ့ အတိုင်းသာ လုပ်လိုက်''

ဖိုးစေကပြောတော့ ဦးကွန့်က ...

''အေးလေ ... အလုပ်အပ်တဲ့လူက လုပ်ဆိုတော့လည်း လုပ်ရတာပေါ့''

''လိုတဲ့ ပစ္စည်းအကြိုက်သာသုံး ကောင်းဖို့ပဲလိုတယ် ... ကျုပ်သူဌေးက သူဌေးရဲ့ယောက္ခမဗျ ... ''

''ဟား ... ဟား''

ဖိုးစေကပြောလိုက်ရာ လက်သမားဆရာဦးကွန့်နဲ့ သူတပည့်တွေ သဘောအကျကြီးကျသွားတယ်။

ဦးကွန့်က သစ်လုံးတွေကိုကြည့်ပြီး ...

''ဟို ... မင်းအိမ်က မန်ကျည်းသားကို ဘာလို့ထည့်ပေးတာလဲ''

မေးတော့ ဖိုးစေ မျက်နှာပျက်သွားပြီး ...

''အိမ်မှာ မထားချင်လို့ပေါ့ဗျာ ... ''

ပြောလိုက်လေတော့တယ် ... ။



နှင့်ကို လူ့ဘဝမှာ မထားတော့ဘူး ...

ငါ့နောက်လိုက်ခဲ့လို့ ဆိုပြီး ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## လောခေါ်တဲ့ည

"ကိုဖိုးစေ ရှင်အတင့်ရဲလှချည်လား"

ဖိုးစေက မစိန်ငွေ့ကိုခြံထဲဝင်ပြီး မစိန်ငွေအိပ်သည့်အခန်းတံခါးကို လက်နဲ့အသာခေါက်နှိုးတယ် ...

အအိပ်စက်တဲ့ မစိန်ငွေးကနိုးလာပြီး ဖိုးစေစောင့်နေရာခြံထဲကို ဆင်းလာတယ် ...

"သတိရလွန်းလို့ လာတာပါ ... မစိန်ငွေးရယ်၊ ကိုဖိုးစေ မစိန်ငွေးကို မခွဲနိုင်တော့ဘူး"

"အို ... ရှင် ... ကျွန်မတို့က ကလေးတွေမှ မဟုတ်တော့တာ"

ညအမှောင်ထဲရှိ ပျဉ်းမပင်ကြီးအောက်တွင် ဖိုးစေနဲ့မစိန်ငွေးတို့ ချိန်းတွေ့နေကြတယ် ...





တစ်ယောက်က မှဆိုးဖို တစ်ယောက်က တစ်ခုလပ်တစ်ရွာထဲသားတွေမို့ တစ်ယောက်အကြောင်း တစ်ယောက်သိကြတယ်။

မစိန်ငွေးက ဦးဘမှန်ငါးဒိုင်မှာ ငါးခြောက်ခွဲလှမ်းတဲ့အလုပ်သမားဖြစ်သလို ဖိုးစေက ဦးဘမှန်ရဲ့ လူယုံ ...

တောက်တိုမယ်ရရှိင်းတာ အကုန်လုပ်ပေးရတယ် ...

ဖင်ပေါ့တဲ့ ဖိုးစေကို ဦးဘမှန်ကလည်း အားကိုးတယ်။ သူများတွေလို ပင်လယ်ထဲ ငါးဖမ်းထွက်စရာမလို ...

ငွေကြေးကလည်း ရှင်တယ်၊ အလုပ်မှာလည်း အထိုက်အလျောက် ဩဇာရှိတော့ ... တစ်ခုလပ် အလုပ်သမားမစိန်ငွေးက အားကိုးရာမှ တစ်ယောက်နဲ့တစ်ယောက် စည်းတွေကျော်ကုန်တယ်။

"အတူတူနေချင်တယ် မစိန်ငွေးရယ် ... "

"အို ... ရှင့်မှာလည်းကလေးနဲ့ ကျွန်မမှာလည်း ကလေးတွေနဲ့ ဘယ်ဖြစ်မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ ... ကိုဖိုးစေ ရှာကျွေးနိုင်ပါတယ်"

ဖိုးစေက မစိန်ငွေးပခုံးကို လှမ်းဖက်ရင်းပြောတယ်။

"ရှာကျွေးနိုင်တာတော့ ဟုတ်ပါတယ် ... ကျွန်မတို့ကရပ်နဲ့ရွာနဲ့ဆိုတော့ ... "

"တော်ပါ ... မစိန်ငွေးရယ်၊ ပတ်ဝန်းကျင်ဆိုတာ ဘယ်လောက်ပြောနိုင်မှာမို့လဲ ... ဂရုစိုက်မနေစမ်းပါနဲ့၊ ဒီက ကိုဖိုးစေကိုသာ အားကိုးလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးစေကပြောရင်း မစိန်ဒွေးကို သူ့ရင်ခွင်ထဲဆွဲသွင်းကာ ဖက်ထားလိုက်တယ် ...

"အို ... ရှင်တော်တော်ကဲတယ်"

"ချစ်လို့ပေါ့ မစိန်ဒွေးရယ်"

ဖိုးစေက မစိန်ဒွေးကို ဖက်ထားတာမလွှတ်။ ဖိုးစေ ရင်ခွင်ထဲကနေ မစိန်ဒွေးရဲ့အကြည့်က ခြံစည်းရိုးအစပ်ဆီရောက်သွားတယ်။

"အမလေး ... "

အလန့်တကြားထအော်တဲ့ မစိန်ဒွေးကို ဖိုးစေက ...

"ဘာ ... ဘာဖြစ်လို့လဲ မစိန်ဒွေး"

"ဟို ... ဟို"

ဖိုးစေ နောက်ကျောက ခြံစည်းရိုးအစပ်ကို မစိန်ဒွေးကလက်ညှိုးထိုးပြတယ်။ သူ့မျက်နှာမှာတော့ သွေးမရှိတော့ ... ။

ဖိုးစေကလှည့်ကြည့်လိုက်ရာ ...

"ဟာင် ... ဘာမှလည်း မရှိဘူး'

ဖိုးစေက မစိန်ဒွေးဘက်ပြန်လှည့်ပြီး ...

"မနောက်ပါနဲ့ မစိန်ဒွေးရယ် ... လာပါ၊ ကိုဖိုးစေ မစိန်ဒွေးကို ဖက်ထားပါရစေ"

"အခုမှပျောက်သွားတာ မိမိုး ... မိမိုး ကျုပ်တို့ကိုလာကြည့်နေတယ်"

"ဟာင် ... ဟာ မဟုတ်တာကွာ ...ဘာတွေပြောနေတာလဲ"





ဖိုးစေကပြောပေမယ့် မစိန်ဒွေးကအကြောက်လွန်နေတယ်။ လက်ဖျားခြေဖျားတွေလည်း အေးစက်လာတယ်။

"ကိုဖိုးစေ ကျွန်မ မနောက်ဘူး ... မိမိုး ဆံပင်ဖားလျားချပြီး နီရဲနေတဲ့မျက်လုံးနဲ့ လာကြည့်တာ ... သူ့မျက်နှာကလည်း ဖြူဖွေးနေတာပဲ"

"မစိန်ဒွေး ထင်ယောင်ထင်မှား ဖြစ်တာပါ၊ ဘာမှ ကြောက်စရာမလိုဘူး ... လူ့ပဲလာလာ သရဲပဲလာလာ ကိုဖိုးစေနဲ့တွေ့သွားမယ် ... "

ဖိုးစေကပြောပေမယ့် မစိန်ဒွေး အသားတွေတဆတ်ဆတ်တုန်နေတယ် ...

"ကိုဖိုးစေ ရှင်ပြန်တော့ ... ကျွန်မလည်း အိမ်ပေါ်တက်တော့မယ်"

"မစိန်ဒွေးရယ် ... ကိုဖိုးစေရောက်တာမှမကြာသေးဘူး"

"ရှင်ပြန်ပါတော့ ... နောက်ဆို ညဘက်ကျွန်မကိုလာမတွေ့နဲ့တော့ ... ရှင့်မယားက ရှင့်နောက်လိုက်လာတာ ကျွန်မ ကြောက်တယ်"

ပြောပြီး အိမ်ပေါ်တက်ပြေးသွားတယ် ...

ဖိုးစေက မပြန်သေးဘဲ အခြေအနေကြည့်နေရာ မစိန်ဒွေးရဲ့ အိမ်ပေါ်ပြေးတက်တဲ့ ခြေသံကြောင့် သူ့မိခင် ဒေါ်ဖြူနိုးလာတယ်။

"ဟဲ့ ... ဘယ်သူလဲ"

"ကျွန်မပါ အမေ စိန်ဒွေး"



www.burmeseclassic.com

www.burmeseclassic.com



''ဟေ ... ညကြီး ဘာလို့အိမ်ပေါ်ပြေးတက်လာရတာလဲ''

''အပေါ့သွားတာအမေ သရဲနဲ့တွေ့လို့''

မစိန်ဌေးကအော်ပြောရာ မိခင်အေါ်ဖြူက ...

''အေး ... နင်ကံနိမ့်လို့တွေ့တာ ပရိတ်ရေသောက်လိုက်''

''ဟုတ်ကဲ့ ... အမေ''

ဖိုးစေလည်း မစိန်ဌေးနဲ့ထပ်တွေ့ဖို့ မဖြစ်နိုင်တော့တာကြောင့် သူ့အိမ်ကိုပြန်လာခဲ့တော့တယ်။



အိမ်ပြန်ဖို့ လမ်းလျှောက်လာရင်း ခါးကြားထဲထိုးထားတဲ့ အရက်ပုလင်းပြားလေးကို ထုတ်ကာမော့လိုက်တယ် ...

''အင်း ... မိမိုး ... မိမိုး နင်ငါ့ကိုတော်တော် ဒုက္ခပေးပါလား''

ပါးစပ်က တစ်ယောက်တည်းပြောရင်း လျှောက်လာတယ်။ သူ မစိန်ဌေးနဲ့တွေ့ဖို့လာတော့ ကလေးကိုသိပ်ခဲ့တယ်။

နေ့လယ်ပိုင်း ဖိုးစေအလုပ်သွားရင် ကလေးကို ခြေရင်းခြံက ဒေါ်သစ်ဆီမှာအပ်ထားခဲ့တယ်။ ညနေပိုင်းဆို ဖိုးစေက တစ်ခွက်တစ်ဖလားတော့ ချနေကြ ... ။

ကလေးသိပ်ရင်း သူ့အိပ်ပျော်ပြီဆို နိုးတာမဟုတ်တော့ဘူး။ တစ်ခုဆန်းတာက ညဘက်ဆို ကလေးက တစ်ခါမှနိုးတာမဟုတ်ဘူး ... နိုးလည်း သူမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ မိမိုးလာချော့တာကိုတော့ သူသိတယ် ...

သို့ပေမယ့် ...

သူတွေးထားတာက သရဲတစ္ဆေဆိုတာ လူကိုကြောက်လန့်အောင်ပဲ လုပ်လို့ရတာ၊ ကျန်တာ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူးလေ။

တစ္ဆေဘဝနဲ့ မိမိုးနေတယ်ဆိုတဲ့ မန်းကျည်းပင်ကိုလည်း သူခုတ်လှဲလိုက်ပြီ။

''ဘာတတ်နိုင်သေးလဲ မိမိုးရယ် ... နင်က တမလွန်မှာနေတာ ... ခုတော့ နင်နေတဲ့အပင်လည်း မရှိတော့ဘူး ...

ငါလည်း အချစ်အသစ်လေးနဲ့ ပျော်ပျော်နေပါရစေ၊ နင်နားလည်ပေးစမ်းပါ ဟား ... ဟား''

မူးမူးနဲ့ ပါးစပ်က ပြောချင်တာတွေပြောပြီး ခြံထဲဝင်လာတယ်။

နေ့လယ်က ခုတ်ထားတဲ့ ငုတ်တိုပဲကျန်တဲ့ မန်းကျည်းငုတ်တိုကိုကြည့်လိုက်တယ် ...

ပြီးမှ ...

မဲမှောင်နေတဲ့ သူ့အိမ်ပေါ်ကိုတက်လာတယ်။ မီးခွက်ထွန်းဖို့ မီးခြစ်ကို လိုက်စမ်းရင်း ...

''ဟင်''

အေးစက်နေတဲ့ လက်တစ်ဖက်ကို စမ်းမိသွားတာနဲ့ ရင်ထဲထိတ်လို့သွားတယ် ...

''ဘယ် ... ဘယ်သူလဲ''

ဖိုးစေက မေးလိုက်ရာ ...





''ငါ ... မိမိုး''

''ဟင်''

ဖိုးစေ ထိတ်လန့်ကာ ခန္ဓာကိုယ်တောင့်သွားတယ်။

''နင် ကလေးကိုထားပြီး ဟိုကောင်မနဲ့သွားတွေ့နေတယ်မလား''

မိမိုးကမေးလိုက်ရာ ဖိုးစေက အသံတုန်တုန်နဲ့ ...

''မ ... မဟုတ်ပါဘူး''

''ဘာ ... မဟုတ်တာလဲ ငါလိုက်လာတယ်''

''ဟင်''

မစိန်ရွှေးတွေ့တာ အမှန်ပဲလို့ ဖိုးစေသိသွားတယ်။

''ကလေးငိုသံကြားလို့ ငါလာတာ၊ နင်က ငါနေတဲ့အပင်ကိုခုတ်လိုက်တယ် ... ငါကအခု ဗိုလ်ကုန်းမှာသွားနေရတယ်၊ တစ္ဆေဘဝနဲ့ နေရတဲ့ ငါ့ကိုတောင် နင်ကနေစရာပျောက်အောင်လုပ်တယ်''

''မ ... မဟုတ်ပါဘူး''

မာထန်နေတဲ့ မိမိုးရဲ့အသံကြောင့် ဖိုးစေအသံတုန်တုန်ရင်ရင်နဲ့ ပြန်ပြောတယ် ...

''နင့်အကြံ ငါမသိဘူးမှတ်နေလား၊ နင်ဟိုကောင်မကို ဒီခေါ်လာရင် ငါရှိနေလို့ ငါ့ကိုနေစရာပျောက်အောင်လုပ်တာ ...

ကလေးကိုလည်း နင်ဂရုမစိုက်ဘူး၊ နင်လုပ်ချင်ရာ နင်လုပ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ တောင်းပန်ပါတယ်"

"ဘာမှ လာ မတောင်းပန်နဲ့ နင့်ကို လူ့လောကမှာထားလို့ မဖြစ်တော့ဘူး"

"ဟင်"

ဖိုးစေလန့်သွားတယ်။ မိမိုးရဲ့ပုံစံက တဖြည်းဖြည်းကြောက်စရာကောင်းတဲ့ပုံစံ ပြောင်းလာတယ်။

"ငါ့အမှားတွေကို သိပါပြီ ... ငါ နင်မကြိုက်တာ မလုပ်တော့ပါဘူး"

"ငါ မယုံဘူး"

ဖိုးစေ ဘယ်လိုတောင်းပန်တောင်းပန် မိမိုးကမရ ...

ထို့ကြောင့် ...

"ဝုန်း ..."

ဖိုးစေလည်း အိမ်ပေါ်မှအောက်သို့ ဆင်းပြေးရာ မိမိုးက သူ့လက်နှစ်ဘက်ကို ဆန့်လိုက်စဉ် လက်နှစ်ဘက်က ရှည်လျားစွာ ထွက်လာပြီး ဖိုးစေလည်ပင်းကို ညှစ်ထားလိုက်တယ်။

"အား ... အင့် ... အင့်"

ဖိုးစေလည်း တစ်ချက်ပဲအော်နိုင်ပြီး မြေကြီးပေါ်လဲကျလို့ သွားတော့တယ်လေ ... ။



ဖိုးစေဆိုတဲ့ ငါ့လင်ကို ငါသတ်တာလို့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## ပရိတ်ရေလောင်းမယ်

"ဖိုးစေ အသတ်ခံရတယ်တဲ့"

ရွာမှာ ထိုသတင်းက မနက်လင်းတာနဲ့ထွက်ပေါ်လာတာကြောင့် ဖိုးစေခြံထဲမှာ လူတွေပြည့်နေတယ် ...

"ဟင်"

ဖိုးစေအလောင်းကို တွေ့သူတိုင်းထိတ်လန့်သွားကြတယ်။ အလောင်းရဲ့ မျက်နှာမှာ မျက်လုံးနှစ်ဘက်လုံးပြူးထွက်နေတယ်။ ပါးစပ်မှာလည်း သွေးတွေစီးကျနေပြီး ခြောက်ကပ်ကပ်နေတယ်။

လည်ပင်းမှာတော့ ... ကြီးမားတဲ့ ညိုမဲနေသော လက်ရာကြီးက ထင်းနေတယ် ...

"ဖယ်ကြဟေ့ ... သူကြီးလာနေတယ်၊ သူဌေးလည်း ပါလာတယ်"





ဖိုးစေအလောင်းကို ကြည့်နေသူတွေ နေရာဖယ်ပေးလိုက်ကြတယ်။ သူကြီးက အလောင်းကို သေချာကြည့်ပြီး ...

"ဖိုးစေသေတာ တစ်ယောက်ယောက်သတ်လို့သေတာ၊ ဒါပေမယ့် သူကိုသတ်တာ လူတော့မဟုတ်ဘူး"

"ဟင် ဘာလို့လဲ သူကြီး"

သူကြီးက အတွေ့အကြုံရှိသူပီပီ ...

"ဖိုးစေ လည်ပင်းအညှစ်ခံရတာ လူဟာလည်ပင်းညှစ်ရင် လက်မနဲ့ လက်ညှိုးခြားကနေညှစ်ကြတာ၊ အခု လက်ရာက သာမန်ထက် ငါးဆလောက်ကြီးနေတော့ လူတစ်ယောက်က ညှစ်တာမဟုတ်လား"

"ဟင် ... ဒါဆို ဘယ်သူညှစ်တာလဲ"

"အေးလေ ... ဒီအတိုင်းတော့ သူဘာသာသေတာ မဖြစ်နိုင်ပါဘူး"

သူကြီးစကားဆုံးတော့ တစ်ယောက်တစ်ပေါက် အသံတွေထွက်လာတယ် ... ။

အဲဒီအချိန်မှာ ...

"ဖယ်ကြစမ်း ... မသာကို ငါကြည့်မလို့"

ဒေါ်ရင်ဖာရောက်လာပြီး အလောင်းရှေ့မှာထိုင်၍ ဖိုးစေရဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာကို စိုက်ကြည့်တယ်။

သူကြီးအပါအဝင် ကြည့်နေသူတွေက ဒေါ်ရင်ဖာဘာလုပ်မလဲ စိတ်ဝင်တစားနဲ့ ကြည့်နေတာ အသံတွေက တိတ်နေတယ်။ ဒေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဖာက ဖိုးစေနှုတ်ခမ်းက ထွက်နေတဲ့ သွေးစက်ကို သူ့လက်ညှိုးနဲ့တို့ယူပြီး ...

"ဟဲ့ ... ဖိုးစေ နင်ဘာလို့သေတာလဲ၊ ရွာကိုပြောလိုက်ဦးတော်ကြာ ... ရွာမှာ မဟုတ်တဲ့ ပြဿနာတွေတက်နေဦးမယ်"

လေသံမာမာနဲ့ ပြောလိုက်စဉ် ...

"ဟဲ့ ... ကိုမင်း ဘာဖြစ်တာလဲ"

"လုပ်ဦးဟ ... "

ကြည့်နေသူတွေထဲက ကိုမင်းဆိုတဲ့ ကာလသားတစ်ယောက်ရဲ့ အသားတွေကတဆတ်ဆတ်တုန်လာတယ် ...

ပြီးတော့ ...

ဒေါ်ရင်ဖာနဲ့ ဖိုးစေအလောင်းဘေးကို ဝင်လာတော့ ... ဒေါ်ရင်ဖာက သူ့လက်ညှိုးကသွေးစက်ကို ကိုမင်းရဲ့နဖူးကိုတို့လိုက်တယ်။

"ဂူး ... "

ကိုမင်းရဲ့မျက်လုံးတွေ စုံမှိတ်လျက် ပါးစပ်ကလည်း ဂူးဂူးဝါးဝါးနဲ့အသံတွေထွက်လာတယ် ...

ဒေါ်ရင်ဖာက ...

"ဟဲ့ ... နင်ဘယ်သူလဲ"

မေးလေရာ ကိုမင်းရဲ့အသားတွေ တဆတ်ဆတ်တုန်ရင်းမှ

"ဖိုးစေ"

"ဟင်"

"ဟာ"





ပါးစပ်က မပီမသထွက်လာတဲ့အသံကြောင့် အားလုံးအံ့သြသွားကြတယ် ... ဒေါ်ရင်ဖာကတော့ တည်တည်ငြိမ်ငြိမ်ပဲ ...

"ဟဲ့ ... ဖိုးစေ ငါဘယ်သူလဲ နင်သိတယ်နော်၊ ငါ့ရှေ့မှာ ဒူးထောက်ထိုင်စမ်း"

"ဂူး ... "

ကိုမင်းရဲ့ ပါးစပ်ကအသံထွက်လာပြီး ဒေါ်ရင်ဖာရှေ့မှာ ဒူးထောက်ထိုင်တယ် ...

"ကဲ ပြောစမ်း ... နင် ဘာလို့သေတာလဲ"

ဒေါ်ရင်ဖာကမေးရာ ကိုမင်းက ...

"မိ ... မိမိုး ကျုပ်ကိုသတ်တာ"

"ဟင်"

"ဟယ် ... "

ကြည့်နေသူတွေရဲ့ သံပြိုင်အသံတွေထွက်လာတယ်။ မိမိုးဆိုတာ တစ်ရွာလုံးသိနေတာပဲ ... ဖိုးစေရဲ့ မိန်းမ သေပြီးသွားပြီပဲ ခု မိမိုးသတ်တယ်ဆိုတော့ ...

ဒေါ်ရင်ဖာကတော့ ...

"ဟဲ့ ... နင့်ကို ဘာလို့သတ်တာလဲ"

ကိုမင်းပါးစပ်က အားယူ၍ ...

"ကလေးကို ဂရုမစိုက်လို့ ပြီးတော့ နောက်ထပ်အသစ်ရှာလို့"

"ဟင် ... "

"ဟုတ်ပြီလေ ... နင်ဘာလုပ်ချင်လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်ဖာကပြောရာ ဖိုးစေဝိညာဉ်ကပ်နေတဲ့ ကိုမင်းက

"ကျုပ် ... ကျုပ်ကို အမျှဝေပေးပါ၊ ကျုပ်မှာ နေစရာလည်း မရှိပါဘူး၊ ကျုပ်ကလေးကို ဒေါ်ဖြူကိုအပ်ခဲ့ပါရစေ"

ပြောရာ လူတွေကြားမှာ ကလေးချီထားရင်းရပ်နေတဲ့ ဒေါ်ဖြူက ငိုသံပါကြီးနဲ့ ...

"စိတ်ချပါ ငါကလည်း ကလေးကိုငါ့သမီးအရင်းလေးလိုချစ်တာပါ၊ ဖိုးစေ နင်တို့လင်မယားသာ ငါ့ကိုလာမနှောင့်ယှက်နဲ့"

အော်ပြောရာ ဖိုးစေက အသံလာရာကို မျက်ထောက်နီကြီးနဲ့ စိုက်ကြည့်တယ် ...

ဒေါ်ရင်ဖာက ကြည့်နေသူတွေနဲ့ သူကြီးဘက်လှည့်ပြီး ...

"ကဲ ... အားလုံးကြားတဲ့အတိုင်းပဲ ဖိုးစေက သူ့ကိုသူ့မယား ကသတ်တာပါတဲ့ ... ပြီးတော့ သူလိုချင်တာကို လုပ်ပေးကြ"

ပြောကာ ဖိုးစေအလောင်းရှေ့ကထွက်သွားတယ်။ ကိုမင်း ကတော့ ဒူးထောက်လျက် အသားတွေတုန် ပါးစပ်ကလည်း ... ဂူး နဲ့ဖြစ်နေတယ် ...

သူကြီးက ...

"ကဲဟေ့ ... ပရိတ်ရေယူ ကိုမင်းကိုလောင်းလိုက်ကြ"

ရွာသားလူငယ်တချို့ ပရိတ်ရေကို အလျင်အမြန်ပြေးယူကြ ပြီး ကိုမင်းကိုဝိုင်းပတ်လိုက်ကြရာ ကိုမင်းက ...

"အား ... ပူတယ် ... ပူတယ်"

မြေကြီးပေါ်မှာ လူးလိမ့်နေတယ် ...





ခဏကြာတော့ ...

"မြေကြီးပေါ်မှာ ငြိမ်လို့သွားတယ်"

သူကြီးက

"ကဲ ... ကိုမင်းကိုခေါ်သွားကြ၊ အလောင်းကိုပြင်စရာရှိတာ ပြင်ကြ"

ပြောရာ သူဌေးဦးဘမှန်က ...

"ကျုပ်တပည့်အလောင်းကို အကောင်းဆုံးမြေချမယ်"

ဝင်ပြောလိုက်သဖြင့် ရွာသားတွေက ဖိုးစေအလောင်းကို ဂရုတစိုက်ပြင်ဆင်ကြတော့တယ် ...

ရွာမှာက တစ်ခါမှမကြုံဖူးတဲ့ အတွေ့အကြုံကြောင့်လည်း ရွာသားတွေ အထိတ်တလန့်ဖြစ်ကြတယ်။

အဲဒါက ဘာလဲဆိုတော့ ...

ဖိုးစေကို သရဲသတ်လို့ သေတာတဲ့လေ ...

ဘယ်လိုပဲဖြစ်ဖြစ် ...

ဖိုးစေအလောင်းကို ခြုံပြင်ထုတ်ကာ သင်္ဂြိုဟ်ဖို့လုပ်ထားလိုက်တယ်လေ ... ။



www.burmeseclassic.com

www.burmeseclassic.com

သင်္ချိုင်းက မြေပုံရှေ့မှာလာငိုတဲ့ မိန်းမအား

တစ္ဆေမက ...

အခန်း (၁)

## သရဲသတ်လို့သေတဲ့မသာ

ဖိုးစေအလောင်းသင်္ဂြိုဟ်တော့ လူတွေတအားစည်တယ်။ သရဲသတ်လို့သေတဲ့ မသာဆိုပြီး အနီးအနားရွာကလူတွေပါ လိုက်ပို့ပေးကြတယ် ...

ဖိုးစေက ရွာမှာအမျိုးရှိတာမဟုတ်ဘူး။ သူ့မသာက လူသာစည်တာ ငိုမည့်သူတစ်ယောက်မှ မရှိဘူး ...

သူဌေး ဦးဘာမှန်ကတော့ ဖိုးစေအလောင်းကို ဂူသွင်းမြှုပ်နှံပေးတယ် ...

ရွာက အလောင်းထမ်းတဲ့ လူငယ်တချို့က ဖိုးစေအလောင်းကို ဂူသွင်းတော့ ...

“ကိုဖိုးစေရေ ... ခင်ဗျားလည်း ခင်ဗျားမိန်းမနောက် လိုက်သွားတော့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုဖိုးစေ ... ကျုပ်တို့ရွာကိုတော့ လာမနှောင့်ယှက်နဲ့"

နောက်သလို ပြောင်သလိုနဲ့ အမျိုးမျိုးပြောကြတယ်။ ဒါကို လူကြီးတချို့က ...

"ဟေ့ မင်းတို့ပေါက်ကရတွေ မပြောကြနဲ့၊ ဖိုးစေကို သူ့မယား မိမိုးကသိပ်ချစ်တာ ဒီကောင်မဟုတ်တာလုပ်လို့ ဟိုကသတ်ပစ်တာ မင်းတို့ပေါက်ကရတွေ လျှောက်ပြောရင် ခံနေရဦးမယ်"

"ကျုပ်တို့က ပေါက်ကရတွေပြောတာ မဟုတ်ပါဘူး၊ ကိုဖိုးစေကို သတိပေးတာ ... "

"အေး ... ဘာပဲဖြစ်ဖြစ် မဟုတ်တာကြောင့် မပြောကြနဲ့ ကွာ အခုလိုကိစ္စမျိုးဖြစ်တာ ရွာမှာ မကောင်းဘူး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သင်္ဂြိုဟ်တဲ့ ကိစ္စပြီးတော့ အားလုံးရွာပြန်လာကြတယ်။

အဲလိုနဲ့ ...

ညနေ နေဝင်ရီရောအချိန်လောက်မှာ သင်္ချိုင်းကို မိန်းမတစ်ယောက် ပုန်းလျှိုးကွယ်လျှိုးနဲ့သွားတယ် ...

သင်္ချိုင်းက ရွာအနောက်ပိုင်း ခပ်လှမ်းလှမ်းကုန်းမှာရှိတယ်။ သင်္ချိုင်းကိုသွားမယ်ဆို ဦးဘမှန်ပြင်နေတဲ့အိမ်ကြီးကို ဖြတ်သွားမှ ရတယ်လေ ...

ထိုမိန်းမက သင်္ချိုင်းရောက်တော့ ဖိုးစေရဲ့အုတ်ဂူကိုလိုက်ရှာတယ်။





ဂူဟောင်းတွေ မြေပုံဟောင်းတွေကိုဖြတ်ပြီး အုတ်ဂူရှေ့ရောက်တော့ ...

"ကိုဖိုးစေ ... ဖြစ်ရလေရှင် အဟင့် ဟင့်"

အုတ်ဂူပေါ်မျက်နှာအပ်ပြီး အားရပါးရငိုတော့တယ် ...

မိုးချုပ်စဆိုတော့ အလင်းရောင်က သိပ်မကျန်တော့ သင်္ချိုင်းကို ဖြတ်တိုက်လာတဲ့ လေပြင်းတွေကြောင့် ဝါးရုံပင်တွေ လှုပ်ရမ်းရာမှ

"ရှဲ"

ဆိုတဲ့ မြည်သံကြီးထွက်လာတယ် ...

"ကိုဖိုးစေ သေရတာ ကျွန်မကြောင့်ပါ ... ရှင် ကျွန်မကို လာတွေ့တော့ ရှင့်မယားက မကျေနပ်လို့သတ်တာ ရှင်ခံလိုက်ရပြီ လား ... ဟင့် ... ဟင့်"

ပြောလည်းပြော ငိုလည်းငိုနေတယ် ... သူ့အသံကို ဘယ်သူမှ မကြားတာကြောင့်လည်း အားပါးတရ ငိုနေခြင်းဖြစ်တယ်။

"ကျွန်မ ဘယ်လိုဖြေရမလဲ ... လူလယ်မှာတောင် ရှင်သေတာကို မျက်ရည်မကျရဲတဲ့ ကျွန်မကို ဘာလို့တစ်ယောက်ထဲ ထားသွားတာလဲ ဟင့် ... ဟင့်"

ထိုကဲ့သို့ ရင်ထဲကခံစားချက်တွေကို ပြောလိုက်ငိုလိုက်လုပ်နေစဉ် ...

"ရှပ် ... ရှပ်"

"ဟင် ... "

မစိန်ငွေးက သူ့နောက်ကျောက ခြေနင်းသံထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အငိုရပ်ပြီး နားစွင့်လိုက်တယ် ...

သူ့နောက်ကျောကိုလည်း တဖြည်းဖြည်းလှည့်ကြည့်လိုက်ရာ ...

"အမလေး"

ထိတ်လန့်စွာ ထအော်လိုက်တယ်။ လွန်စွာကြောက်စရာကောင်းတဲ့ မျက်နှာကြီးနဲ့ မိမိုးက သူ့ကိုစိုက်ကြည့်နေတယ် ...

ပါးစပ်မှလည်း ...

"နင် ... ဘာ ... လာ ... လုပ် ... တာ ... လဲ"

တစ်လုံးချင်းအသံနက်ကြီးနဲ့မေးရာ ...

"ဟို ... ဟို ... ဘာမှ လာလုပ်တာမဟုတ်ပါဘူး"

"နင် ငါ့ကိုမညာနဲ့"

မိမိုးကအော်လိုက်ရာ မစိန်ဗွေး ကြောက်လွန်း၍တုန်သွားတယ်။

"နင် ငါ့ယောက်ျားဆီလာတာမလား"

"မ ... မ ဟုတ်"

"အေး ... သူ့ကို လူဘဝမှာထားရတာ စိတ်မချလို့ ငါခေါ်လိုက်တာ ... နင်က ငါ့ယောက်ျားကို ငါမရှိဘူးဆိုပြီး လာပတ်သက်တယ်

နင့်ကိုလည်း တစ္ဆေဘဝရောက်အောင် ငါခေါ်လိုက်မယ်"

မိမိုးက ရင်ခေါင်းသံကြီးနဲ့ ပြောလိုက်ရာ ...

"ဟို ... ဟို ... နောက်မလုပ်တော့ပါဘူး"

မစိန်ဗွေးကပြောလည်းပြော နောက်သို့လှည့်ပြေးမည်ပြုရာ





"ဟင် ... "

မိမိုးက သူ့ရဲ့ရှည်လျားလှတဲ့ လက်ကြီးနဲ့မစိန်ဗွေးလည်ပင်းကို ညှစ်လိုက်ရာ ...

"အား ... အင့်"

အော်ကာ လဲကျလို့သွားတော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com

မစိန်ဒွေးတစ်ယောက် သေဆုံးသွားတော့ ရွာကလူတွေပိုလို့ ထိတ်လန့်သွားတာ သေဆုံးသည့် ပုံစံကလည်း ဖိုးစေသေတဲ့ ပုံစံ အတိုင်းဆိုတော့ ...

''တို့ရွာကို မိမိုးကတော့ ကောင်းကောင်းဒုက္ခပေးနေပြီ ပြဿနာပဲကွာ ... ''

''ဘာပြဿနာရှိလဲကွာ မိမိုးက သူ့ယောက်ျား အသစ်ရှာလို့ သတ်တာ ပြီးတော့ သူ့ယောက်ျားနဲ့ဖြစ်နေတဲ့ မစိန်ဒွေးကိုသတ်တာ လေ''

တစ်ယောက်အမြင်ကို တစ်ယောက်ပြောကြတော့ နောက်တစ်ယောက်က ...

''အေးလေ ... ဘာပဲဖြစ်ဖြစ် သရဲတစ္ဆေသတ်တာဆိုတော့ ရွာအတွက်မကောင်းဘူးပေါ့ ... ရွာမှ နောက်ထပ်အဲဒီလိုမျိုးသာ ထပ်ဖြစ်ရင် မလွယ်ဘူး''





''ဟုတ်တယ် ကြောက်စရာကြီး''

ထိုကဲ့သို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတာနဲ့ ရွာကလူတွေ ကြောက်လန့်နေကြတယ် ...

သူဌေးဦးဘမှန်ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး ...

သူပြင်လက်စ အိမ်ကြီးကို ပြီးမြောက်အောင် ဆက်ပြင်တယ်။ ဖိုးစေ သူ့အိမ်ကိုခုတ်လာပေးတဲ့ မန်ကျည်းသားတိုင်ကိုလည်း အိမ်ကြီးမှာ ထည့်သုံးစေတယ် ...

အဲလိုနဲ့ အိမ်ကြီးပြင်လို့ပြီးတော့ ဦးဘမှန်က လက်သမားဆရာအား ...

''အိမ်ကြီးကတကယ်ကောင်းတယ်ဗျာ ... မောင်စောအောင်က အဲဒီလိုအိမ်မျိုးကိုသဘောကျတယ်တဲ့ ... မြို့ဆန်ဆန်အိမ်တွေက သူ့မှာအများကြီးရှိတော့ ဒီလိုအိမ်မျိုးကို အပြောင်းအလဲနဲ့ နေချင်မှာပေါ့''

ပြောရာ လက်သမားဆရာက ...

''သူဌေး အိမ်ဆောက်ပြီးရင် ထုံးစံအတိုင်းသံဃာတွေကို ဆွမ်းကပ်ပါလား ... အိမ်တွေခြံတွေထဲမှာ မကောင်းတဲ့ အမှောင့်တွေထွက်သွားအောင်လေ ... ''

''အင်း ... မလုပ်တော့ပါဘူးဗျာ၊ မောင်စောအောင်က အယုံအကြည်မရှိဘူး ... သူနဲ့ ကျုပ်သမီးရဲ့မင်္ဂလာပွဲက လကုန်လောက် ဖြစ်ချင်ဖြစ်သွားမှာ''

''ဘယ်လောက်မှ ငွေကုန်တာမှမဟုတ်တာ သူဌေးရယ်... အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာအရ လုပ်သင့်တယ်မလား''

လက်သမားဆရာ ကိုကွန့်ကအကျိုးအကြောင်းပြောပေမယ့် ဦးဘမှန်က ...

''မလုပ်ဘူး ကိုကွန့်ရေ ... သူတို့ကလည်း အမြဲနေမှာမဟုတ်ဘူး၊ ခဏပဲ အိမ်ကိုဒီအတိုင်းထားရမှာ မြို့ကတိုက်မှာနေမှာတဲ့''

ကိုကွန့်က ဘာမှဆက်မပြောတော့ ကျယ်ဝန်းလှတဲ့ခြံကြီးထဲမှာ ရှေးဆန်ဆန်အိမ်ကြီးက ခန့်ခန့်ထည်ထည် ရှိနေတယ် ... ။

လက်သမားဆရာတွေ အလုပ်ပြီးသွားတဲ့နေ့မှာ သူဌေးဦးဘမှန်က စားဖို့သောက်ဖို့ ငွေထုတ်ပေးတယ် ...

အဲဒါကြောင့် ...

လက်သမားအဖွဲ့တွေ ညဘက်စားကြသောက်ကြတယ် ...

ကိုကွန့်က သူ့လူတွေအား ...

''ဟေ့ကောင်တွေ တရားလွန်မလုပ်နဲ့နော် ... များသွားရင်မကောင်းဘူး''

''ဟုတ်ကဲ့ပါ ... ကိုကွန့်ရဲ့ ပါးပါးလေးပါ''

လက်သမားအဖွဲ့တွေ သောက်ကြစားကြနဲ့ တဖြည်းဖြည်းညဉ့်နက်လာတယ် ...

တချို့ကဆို ခေါင်းတောင်မထောင်နိုင်ကြတော့ဘူး ...

သူတို့သောက်စားနေကြတာက ခြံထဲမှာဆိုတော့ လက်သမားဆရာ ကိုကွန့်က ...

''ဟေ့ကောင်တွေ မြေကြီးမှာလှဲမနေကြနဲ့ ... အိမ်ပေါ်တက်





အိပ် တော်ကြာသေကုန်မယ်''

''ကိုကွန့် မထနိုင်တော့ဘူး ဒီမှာပဲအိပ်တော့မယ်''

''ဟာ ... ဖိုးထောင် ... မျိုးဝင်းကိုတွဲ သန်းဝင်း ငမဲ လုံးတို့လည်း အပေါ်တက်ကြ ... ''

''အင်း ... ဟုတ်''

လက်သမားအဖွဲ့တွေက လူအားလုံးခုနစ်ယောက် အိမ်ရှေ့ခန်းမှာ တန်းစီကြအိပ်ကြတယ် ...

အမူးလွန်ပြီး သွေးဆိုးတဲ့ မျိုးဝင်းက ...

''ဘာလဲကွ ... ကျောက်ရေကန်ရွာ သရဲသတ်လို့ လူသေရတယ်တဲ့ ... လာစမ်း အဲဒီသရဲ ငါနဲ့တွေ့မယ်၊ အစိမ်းလိုက်ကို ဝါးစားပစ်မယ်''

ကြိမ်းဝါးလိုက်ရာ ဖိုးထောင်က ...

''ဟေ့ကောင် မျိုးဝင်း ပေါက်ကရမပြောနဲ့ မူးရင်ငြိမ်ငြိမ်နေအိပ်ကွ''

''ဘာလဲ ... ဖိုးထောင် ကြောက်နေတာလား၊ မျိုးဝင်းကွ လာမစမ်းနဲ့ ... ဘယ်သရဲမှ ဂရုမစိုက်ဘူး''

''ဟုတ်တယ် ... ဒီကောင်က သရဲထက်မိုက်တယ်၊ ကျုပ်တို့မပါဘူးနော် ... အဲဒီကောင် မျိုးဝင်း''

လုံးက မူးမူးနဲ့ထပြောလိုက်တယ် ...

ကိုကွန့်က ...

''အားလုံးတော်ကြ ... အိပ်ကြတော့ မနက်လင်းရင်



www.burmeseclassic.com

www.burmeseclassic.com



တို့ရွာစောစောပြန်မှာမလား ... အိပ် အိပ် ...”

ထိုသို့ ဟန့်လိုက်မှ အားလုံးငြိမ်သွားတော့တယ် ...

အဲလိုနဲ့ ...

တဖြည်းဖြည်း ညဥ့်နက်လာရာ ...

“ဂီး ...”

ငှက်ဆိုးတစ်ကောင် အိမ်ထဲဝင်လာပြီး အိပ်နေတဲ့ လက်သမား အုပ်စုရစ်ပတ်ပျံသန်းပြီး အော်မြည်နေတော့တယ် ...



လက်အေးကြီးက သူ့လက်ကိုဆွဲကိုင်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## လက်အေးကြီး

"အမလေး ..."

အေးစက်တဲ့လက်ကြီးတစ်ဘက်က သူ့လက်ကိုဆွဲလှုပ်ရမ်းလိုက်တာကြောင့် အိပ်ရာကလန့်နိုးသွားတဲ့ မျိုးဝင်းထအော်တယ်။

ထွန်းထားတဲ့ ရေနံဆီမီးရဲ့ အလင်းရောင်က ခပ်မှိန်မှိန်ဆိုတော့ သူ့လက်ကို ဘယ်သူကိုင်တာလဲဆိုတာ ခေါင်းထောင်ပြီးလိုက်ရှာတယ်။

"ဟင် ..."

သူ့မျက်လုံးကို သူမယုံနိုင် ... အိပ်မက်မက်နေတာလားဆိုပြီး မျက်လုံးကိုပွတ်လိုက်တယ် ...

"ဟာ ..."

မိန်းမတစ်ယောက် ဆံပင်ဖားလျားချပြီး ညှိုးမဲချိုင့်ဝင်နေတဲ့မျက်လုံးနဲ့ သူ့ကိုစိုက်ကြည့်နေတယ် ...





မျက်နှာကလည်း ကြောက်စရာကောင်းလွန်းလှတယ် ...

ကြောက်လွန်းလို့ ပါးစပ်ကအသံမထွက်တော့ဘူး ...

"လာ ... နင် ... လာ"

ထိုမိန်းမရဲ့ ပါးစပ်က အသံထွက်ပြီး သူ့ကိုလှမ်းခေါ်တယ်။

"ဘာ ... ဘာ"

မျိုးဝင်း ပြန်ပြောဖို့ ကြိုးစားစဉ် ...

"လာဆို လာစမ်း ..."

ပြော၍ သူ့လက်တစ်ဘက်ကို မြှောက်လိုက်ရာ လက်ကြီးမှာ ရှည်လျားလာပြီး မျိုးဝင်းလက်တစ်ဖက်ကို ဆွဲထူတယ် ...

မျိုးဝင်းလည်း ထိုမိန်းမရှေ့ရောက်လာတော့ ကြောက်လွန်းလို့ ဒူးတွေတဆတ်ဆတ်တုန်နေတယ် ...

"နင်က ငါ့ကိုဝါးစားမယ် ဟုတ်လား"

ကြောက်မက်ဖွယ်ရင်ခေါင်းသံကြီးနဲ့ပြောတော့ မျိုးဝင်းက

"မ ... မဟုတ်ဘူး ... မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ ... ငါက ငါ့ဘာသာ မန်ကျည်းပင်မှာနေတာ ... ဟိုကောင်က ငါနေတဲ့အပင်ကို ဒီလာပို့တယ် ...

နင်တို့က ဒီအိမ်မှာတိုင်သုံးတော့ ငါကဒီရောက်လာရတာ နင်က ငါ့ကိုစိန်ခေါ်တယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးဗျာ ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် မသိလို့ပြောမိတာပါ"

မျိုးဝင်းရဲ့ ပါးစပ်က အဆက်မပြတ်တောင်းပန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

ကြောက်စရာကောင်းလွန်းတဲ့ ရယ်သံကြီးနဲ့အတူ လက်နှစ်ဘက်က မျိုးဝင်းလည်ပင်းကို ညှစ်ဖို့ပြင်လိုက်စဉ် ...

"ဟေ့ ... မျိုးဝင်း ဘာလုပ်နေတာလဲ"

အခန်းထောင့်မှာ တစ်ယောက်တည်း မတ်တတ်ရပ်နေတဲ့ မျိုးဝင်းကို တစ်ရေးနိုးလာတဲ့ ကိုကွန့်က လှမ်းမေးလိုက်တယ်။

"ဟင် ... "

လည်ပင်း အညှစ်ခံရတော့မှာမို့ မျက်လုံးကိုစုံမှတ်ကာ မတ်တတ်ရပ်နေတဲ့ မျိုးဝင်းကို တရေးနိုးလာတဲ့ ကိုကွန့်လှမ်းမေးလိုက်တယ်။

"ဟင်"

လည်ပင်း အညှစ်ခံရတော့မှာမို့ မျက်လုံးကို စုံမှိတ်ကာ မတ်တတ်ရပ်နေတဲ့ မျိုးဝင်းတစ်ယောက် မျက်စိဖွင့်ပြီး သူ့ရှေ့က မိန်းမကိုကြည့်လိုက်တော့ မရှိတော့ဘူး ...

"ဟေ့ကောင် ဘာကြောင်နေတာလဲ ... လာ အိပ်လေ"

ထိုအခါမှ မျိုးဝင်းသတိဝင်လာပြီး ...

"ကိုကွန့် ... ဟီး"

အော်၍ ကိုကွန့်ဆီလာကာ ငိုတော့တယ်။

"ဟာ ... ဟေ့ကောင် ဘာဖြစ်တာလဲ၊ ဟေ့ကောင်တွေ ထစမ်း ... "

"ဟီး ... ဟီး"





ကိုကွန့်က သူ့လူတွေကို နှိုးလိုက်တော့ အားလုံးထလာပြီး မျိုးဝင်းငိုနေတာကို တအံ့တသြ ကြည့်ကြတယ် ...

"မျိုးဝင်း ဘာဖြစ်တာလဲကွ"

"ဒီကောင် အရက်ကြောင်ကြောင်သွားပြီလား မသိဘူး"

"နေစမ်းပါကွာ ငါမေးမယ် ... ဟေ့ကောင် မျိုးဝင်းပြောစမ်း ဘာဖြစ်တာလဲ"

ကိုကွန့်ကမေးတော့ မျိုးဝင်းလည်း ငိုတာတဖြည်းဖြည်းရပ်ပြီး ...

"ကျွန်တော် ကြောက်တယ် ကိုကွန့် ... ကျွန်တော့်ကို သူသတ်မလို့"

"ဟေ ... ဘယ်သူလဲ"

"ဒီအိမ်မှာရှိတယ် ... ကျွန်တော်တို့ပြန်ရအောင်"

မျိုးဝင်းကပြောတော့ ကိုကွန့်သဘောပေါက်သွားတယ်။

"မနက်လင်းဖို့ လိုသေးတယ် မျိုးဝင်း"

"ကိုကွန့် ဆက်နေရင် ကျွန်တော်တို့အသတ်ခံရမှာဗျ"

မျိုးဝင်းတစ်ယောက် ကြောက်စိတ်တွေ လွန်နေတယ်။ ဘေးက လူတွေက ဘာမှနားမလည်စွာ ကြည့်နေကြတယ် ...

"ဟင်"

ကိုကွန့်က သက်ပြင်းကိုချရင်း ...

"ကဲ ... ကဲ မင်းတို့အလယ်မှာ မျိုးဝင်းကိုထား၊ ငါမေ့တွာ သတ်ရှုတ်မယ်၊ မနက် အာရုဏ်တက်တာနဲ့ ပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍ ကိုကွန့်က မတ်တတ်ထရပ်၍ အခန်းထဲလျှောက်ရင်း မေတ္တာသုတ်ကို အဆက်မပြတ်ရွတ်နေတော့တယ် ...

တခြားထူးခြားတာ ဘာမှမရှိဘဲ ... အာရုဏ်တက်လာတော့ သူတို့တွေလည်း အထုပ်အပိုးတွေယူကာ ခြံထဲကထွက်လာကြတယ်။

ခြံအပြင်ရောက်တော့ ...

"ဟား ... ဟား ... ဟား"

အိမ်ကြီးထဲက ကြောက်မက်ဖွယ် ရယ်မောသံကြီးကိုကြားလိုက်ရတော့တယ်လေ ...



"အဘ နောင်လကိုစုံစမ်းလို့ရလားဟင်"

ဦးကျော်ဆန်း ခေါင်းကိုခပ်လေးလေးခါလိုက်တယ်။

"ဘယ်သွားနေလို့လဲ အဘ ... အဘ သေသေချာချာ မမေးခဲ့ဘူးလား"

မျှော်လင့်ကြီးစွာမေးတဲ့ ကြည်နူးကိုကြည့်ပြီး ဦးကျော်ဆန်း စိတ်မကောင်း ... သူကိုယ်တိုင်က သူ့တူမလေးဆန္ဒကို ကူညီပေမယ့် မျှော်လင့်ချက်အတိုင်း ဖြစ်မလာခဲ့ ... ။

"အဘရယ် ... သမီး ဘယ်လိုလုပ်ရမလဲ၊ နောင်လသာ သမီးဆီမလာရင် ဟိုလူကြီးကို သမီးယူရမှာ ... "

"အဘလည်း သမီးပြောတဲ့ပွဲရုံမှာ သေသေချာချာသွားစုံစမ်းပါတယ် ... ဒါပေမယ့် အဲဒီမှာ သူအလုပ်မလုပ်တော့ဘူးတဲ့ မြို့မှာ ကျောင်းသွားတက်နေတယ်ဆိုလားပဲ"

ကြည်နူး စိတ်ဓာတ်ကျသွားတယ် ... မျက်နှာလေးညှိုးကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့သွားတော့ အဘကျော်ဆန်းက ...

"သမီးရယ် အရာရာဟာ ကံစီမံတဲ့အတိုင်းပါဘဲ၊ နောင်လနဲ့ သမီးပေါင်းရမယ့် ကံပါလာရင် ပေါင်းရမှာပေါ့ ... "

"မဟုတ်ဘူး အဘ ... သမီး ဒီလဆန်းလောက်မှာ ကိုစောအောင်နဲ့ လက်ထပ်ရမှာ သမီးလိုက်သွားမယ် အဘ ... သမီးကို အဘကူညီပါ"

ကြည်နူးကပြောတော့ အဘကျော်ဆန်းက ခေါင်းခါတယ်။

"သမီးအဖေရဲ့လက်က သမီးဘယ်လိုလွတ်အောင်ပြေးမလဲ အဘတို့ရွာဆိုတာ ဝင်လမ်းထွက်လမ်းဆိုတာ ရေလမ်းပဲရှိတော့ သမီး ပျောက်သွားတာနဲ့ တစ်ခဏအတွင်းမိမှာဘဲ"

အဘကျော်ဆန်းက အကျိုးအကြောင်း ရှင်းပြတယ် ...

ကြည်နူးက ...

"သမီး ကြိုးစားကြည့်ချင်တယ် အဘရယ်"

မျှော်လင့်ချက်လေးနဲ့ ရှုးမိုက်စွာပြောတဲ့ ကြည်နူးကို အဘ ကျော်ဆန်း ဘာပြောရမှန်း မသိတော့ ...

သူက ကြည်နူးမိခင်ရဲ့အကိုကြီးတစ်ယောက် မိန်းမ မရ သားသမီး မရှိတော့ သူ့တူမလေးကြည်နူးကို သမီးရင်းတစ်ယောက် အလွန်ချစ်ရှာတယ် ...

တူမလေးရဲ့ဆန္ဒကိုဖြည့်ပေးဖို့ဆိုတာ ...

"သမီးကို အဘတစ်ခုပြောချင်တယ်"

"ဘာပြောမှာလဲ ... အဘ ပြောပါ"





"သမီး စိတ်ရှိတဲ့အတိုင်းလုပ်လို့ ဖြစ်မလာခဲ့ရင် မလွယ်ဘူး။ ဒီရွာမှာ သမီးအဖေဆန္ဒကိုလွန်ဆန်ပြီး လုပ်ရဲတဲ့သူလည်း ဘယ်သူမှ မရှိဘူး ...

အဘက အသက်ကြီးပြီး သမီးကိုစွက်ကူဖို့ဆိုတာ စိတ်ပဲရှိတာ လက်တွေ့မှာ လုပ်ပေးဖို့ မဖြစ်နိုင်ဘူး"

"ဟင့် ... ဟင့်"

ကြည်နူးက မျက်နှာကို လက်ဝါးနဲ့အုပ်ကာ အားရပါးရရှိုက်လို့ သာ ငိုတော့တယ်။

အဘကျော်ဆန်းက စိတ်မကောင်းစွာနဲ့ ...

"ကံကြမ္မာဆိုတာ ဒီအတိုင်းပါပဲ သမီး ... ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်မှ မရတာပဲကွယ် ... "

ပြောတော့ ကြည်နူးက မျက်ရည်တွေဝေ့ရင်း ...

"အဲလိုဆို နောင်လနဲ့သမီး ပေါင်းခွင့်မရတော့ဘူးပေါ့နော်"

အဘကျော်ဆန်းက အဖြေမပေးဘဲ သက်ပြင်းရှည်ကြီးသာ ချလိုက်လေတော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ဓာခန်းထဲကာဗီညာဥ်

"ဟာ ... အိမ်က အခုလိုဆိုတော့ တကယ်ကောင်းတာပဲ"

ကိုစောအောင်ကို ဦးဘမှန်က သူပြင်ထားတဲ့အိမ်ခေါ်ပြတော့ ကိုစောအောင်က အလွန်သဘောကျသွားတယ်။

"မောင်စောအောင် အကြိုက်ပဲမလား။ အရင်ပုံစံလည်း မပျောက်အောင် သေသေသပ်သပ်လည်းဖြစ်အောင် ဆောက်ထားတာလေ ..."

"ဦးက စိတ်ကူးတကယ်ကောင်းတာပဲ၊ ကျွန်တော် သဘောကျတယ်၊ ကြည်နူးရောကြိုက်ရဲ့လား"

ကိုစောအောင်ကပြောရာ ကြည်နူးကစိတ်မပါစွာ ခေါင်းညိတ်လိုက်တယ် ...

ဦးဘမှန်က ...



အိမ်ခန်းထဲမှာ ကြောက်စရာကောင်းတဲ့
မျက်နှာနဲ့ထိုင်နေသူက ...

www.burmeseclassic.com

www.burmeseclassic.com



"ဦး ဒီအိမ်ကို ကုလားကြီးတစ်ယောက်စီက ဈေးပေါပေါနဲ့ ရလိုက်တာ၊ အိမ်ထောင် ပရိဘောဂတွေပါရတာ ပရိဘောဂပစ္စည်းတွေက ရှေးလက်ရာတွေဆိုပေမယ့် အတော့်ကိုကောင်းတာ ... အခုလို ဆေးရောင်တင်လိုက်တော့ ဝင်းလက်သွားတယ်မလား"

ပြောလေရာ ကိုစောအောင်က ...

"ဟုတ်တယ် ... ဦး ခုတင်ကလည်း အင်္ဂလိပ်လက်ထပ်က ကျွန်းခုတင်ကြီး လက်ရာကလည်း ကောင်းလိုက်တာ"

"ဟုတ်တယ် ... "

"လိုအပ်တာပြင်ဖို့ မြို့ကအဖွဲ့တစ်ဖွဲ့လွှတ်လိုက်မယ် ... ကျွန်တော်တို့ မင်္ဂလာဆောင်ပြီးရင် ဒီအိမ်ကြီးမှာ တစ်လလောက်နေမှာဆိုတော့ ပြင်စရာရှိတာ ပြင်ရမယ်လေ"

"ကောင်းတယ် ... မောင်စောအောင် သဘောပဲ"

ဦးဘမှန်ကဆိုလေရာ ကိုစောအောင်ကလည်း သဘောအကျကြီးကျလို့နေတယ် ...

ကြည်နူးကတော့ သူတို့ဘေးမှာ အရုပ်တစ်ရုပ်လို ရပ်နေတယ် သူက ဘာမှစိတ်မဝင်စား ...

ကိုစောအောင်ကတော့ တက်ကြွလို့နေတယ် ...

"ဩော် ... ဦး ရွာမှာမင်္ဂလာဆောင်ရင် ထုံးစံအတိုင်း သုံးရက်ကျွေးမှာနော် တစ်ရွာလုံး မီးနိုးတိတ် ... လိုအပ်တာစီစဉ်ပေးဦး"





"စိတ်ချ ... မြို့ကလာတဲ့ ဧည့်သည်တွေအတွက်ပါ စီစဉ်ထားတယ် တည်းရင်လည်း အိမ်ကြီးမှာ တည်းလို့ရတာပေါ့"

ဦးဘမှန်ပြောတော့ ကိုစောအောင်က ...

"ဟာ ... မလုပ်ပါနဲ့ ဒီအိမ်က ကျွန်တော်တို့မင်္ဂလာဦးအိမ်မလား၊ ဘယ်သူ့ကိုမှပေးမတည်းနိုင်ဘူး ... ဦးအိမ်မှာပဲ စီစဉ်လိုက်ပါ ...

မြို့နဲ့ကလည်းလှမ်းတော့ ဧည့်သည်သိပ်ပါမှာမဟုတ်ဘူး၊ အင်း အဖေနဲ့အမေတောင် လိုက်ပါ့မလား မသိဘူး"

"ဘာလို့လဲ မောင်စောအောင်"

"အဖေနဲ့ အမေက ကျန်းမာရေးမကောင်းဘူးဦးရဲ့၊ လာရမှာက ရေလမ်းလည်းဖြစ်တော့ လိုက်ပါ့မလားလို့ပါ ...

ရအောင်တော့ ခေါ်ရမှာပဲလေ"

ဦးဘမှန်စိတ်ထဲ တစ်မျိုးဖြစ်သွားပြီး ...

"ကိုယ့်သားတစ်ယောက်လုံး မင်္ဂလာဆောင်တာပဲ မိဘအနေနဲ့တော့ ခေါ်ခဲ့ပေါ့ ... မောင်စောအောင်ရယ်၊ ဦးတို့ကရပ်နဲ့ရွာနဲ့နေတာဆိုတော့ ... "

"ဟုတ်ပါတယ် ဦး ... ဩော် ... ဒါနဲ့ ဦးပို့တဲ့ငါးတွေ အလုပ်ဖြစ်တယ်သိလား ... ကျွန်တော်တို့တော့ အခုထက်ပိုဝင်ငွေတွေကောင်းဦးမှာ"

ကိုစောအောင်က စကားပြောလွန်စွာ ပါးနပ်သူဖြစ်တာကြောင့် ဦးဘမှန် မလှုပ်နိုင်မယ့် အကွက်ကိုပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာတယ် ... မောင်စောအောင်၊ ဦးစိတ်ပူနေရတာ ဦးပို့တဲ့ ကုန်တွေ အလုပ်ဖြစ်တော့ အတိုင်းထက်အလွန်ပေါ့ကွယ်"

"ဒါပေါ့ ဦးရဲ့"

ဦးဘမှန်နဲ့ ကိုစောအောင်က စကားတပြောပြောနဲ့ အိမ်ကြီးရဲ့ အခန်းတွေကို ဝင်ကြည့်နေစဉ် ကြည်နူးကတော့ အိမ်အပေါ်ထပ်ဝရံ တာမှာ မတ်တတ်ရပ်နေတယ် ...

"တောက် ... "

"ဟင်"

ကြည်နူးဘေးနားကို ခဲလုံးတစ်လုံးကျသံ ကြားရတာကြောင့် လှည့်ကြည့်ရာ ဘာမှမတွေ့ရ ...

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

ကြည်နူး တစ်ကိုယ်လုံး အလိုလိုကြက်သီးတွေထလာတယ်။ ဝရံတာမှ အိမ်အတွင်းဘက်ကိုအကြည့်ရောက်သွားတော့ ...

"ဟင်"

ရိပ်ခနဲတွေ့လိုက်တာက မိန်းမတစ်ယောက် ...

ဆံပင်ဖားလျားနဲ့ အပေါ်အင်္ကျီရှည်အဖြူရောင်မိန်းမမှာ ရုတ်တရက်ပျောက်သွားတယ်။

ကြည်နူးက ဘယ်သူလဲဆိုပြီး နောက်ကလိုက်ရှာတယ်။

"အင်း ... ဒီနားမှာပျောက်သွားတာ"

အိမ်အလယ်တိုင်နားမှာလိုက်ရှာရင် အနောက်ဘက်အိပ်ခန်း ထဲမှာရှိမလားဆိုပြီး ရှာလိုက်တယ် ...





အိပ်ခန်းတံခါးက အနည်းငယ် ဟနေတယ်။

ထို့ကြောင့် ...

"အထဲမှာ လူရှိလား ... ဘယ်သူလဲ"

ကြည်နူးကမေးရာ အိပ်ခန်းထဲကပြန်ဖြေသံမကြားရ။

အဲဒါကြောင့်ထပ်ပြီး ...

"ဘယ်သူလဲ ... အထဲမှာလူရှိလား"

မေးလိုက်စဉ် ...

"ကျွီ ... "

အခန်းတံခါးမှာ အလိုလိုနေရင်း ပွင့်သွားတယ်။

"အမလေး"

အခန်းထဲက ခုတင်ပေါ်မှာ မိန်းမတစ်ယောက်ကြောက်စရာ ကောင်းလှတဲ့ မျက်နှာကြီးနဲ့ သူ့ကိုစောင်းကြည့်နေတာကြောင့် ထိတ်လန့်လို့သွားတော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com

"ဒုံး ... ဒုံး"

ကြည်နူးက ကြောက်လန့်တကြားအပေါ်ထပ်မှ အောက်သို့လှေခါးအတိုင်းပြေးဆင်းလာတယ်။

"အဖေ ... အပေါ်ထပ်အိပ်ခန်းမှာ ... "

ကြည်နူးကအော်ပြီးပြောတော့ ဦးဘမှန်က ...

"ဘာလဲ သမီး၊ ဘာဖြစ်လို့လဲ အဖေ့ကိုပြော"

မေးတော့ကြည်နူးက ...

"အပေါ်ထပ်အိပ်ခန်းထဲမှာ မိန်းမတစ်ယောက်ထိုင်နေတယ်"

"ဟင် ... ဟုတ်လား၊ ဘယ်သူလဲ"

"မသိဘူး ... အဖေ၊ မျက်နှာကလည်း ကြောက်စရာကောင်းလိုက်တာ"

"ဟုတ်လား"





ဦးဘမှန်က အံ့ဩသွားသလို ကိုစောအောင်နဲ့အတူအပေါ်ထပ်အခန်းကို တက်ကြည့်ရာ ကြည်နူးလည်း အောက်မှာတစ်ယောက်တည်း မနေရဲ၍ အပေါ်ထပ်တက်လိုက်လာတယ် ...

ဦးဘမှန် အခန်းတံခါးကို အသာတွန်းဖွင့်လိုက်သောအခါ

"ဟင်"

အခန်းထဲတွင် ဘယ်သူမှမရှိ ... ကိုစောအောင်ကပြုံး၍

"ကြည်နူးကတော့ အိပ်ရေးတွေပျက်တယ်ထင်တယ် ... စိတ်ထဲထင်ယောင်ထင်မှား ဖြစ်နေမှာပါ"

"မဟုတ်ဘူး ... ကြည်နူးမျက်လုံးတွေ လုံးဝ မမှားဘူး။ ခုနက အဲဒီခုတင်ပေါ်မှာ မိန်းမတစ်ယောက်ထိုင်နေတာ"

ကြည်နူးက သူမြင်ခဲ့တာကို အသေအချာပြောပေမယ့် ဦးဘမှန်နဲ့ ကိုစောအောင်တို့က လုံးဝမယုံကြ။

"ကဲ ... လာ အောက်ထပ်သွားကြမယ်၊ ထိုင်ခုံမှာထိုင်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့"

သုံးယောက်သား အောက်ထပ်ထိုင်ခုံများရှိရာကိုဆင်းလာကြတယ်။

"အခုတလော ရွာမှာလည်း ဘာတွေဖြစ်နေမှန်း မသိပါဘူး မောင်စောအောင်ရယ်"

"ကျွန်တော်ကြားပါတယ် ဦး, ကျွန်တော့်အမြင်ပြောရရင် လုံးဝ အဓိပ္ပါယ်မရှိဘူး၊ သရဲ တစ္ဆေဆိုတာ လူကိုဘာလုပ်လို့ရမှာလဲ"

အခုဖြစ်နေတာက သရဲသတ်လို့သေတယ်လို့ပြောနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



လေ''

ဦးဘမှန်က ကိုစောအောင်ပြောတာကို ခေါင်းညိတ်လိုက်ပြီး

''အားလုံးကတော့ အဲလိုပဲ ... လက်ခံကြတယ်၊ ဖိုးစေနဲ့ မစိန်ဌွေးတို့သေရတဲ့ ပုံစံတွေကလည်း တစ်ခုခုကို အထိတ်တလန့် ဖြစ်ပြီး သေကြတာဆိုတော့ ...''

''ကျွန်တော်ကတော့ သရဲတစ္ဆေကိုလုံးဝမယုံဘူး''

ကိုစောအောင်က ပြတ်ပြတ်သားသားပြောတော့ ဦးဘမှန်က ငြိမ်နေပေမယ့် ကြည်နူးက ...

''ကျွန်မက ယုံတယ်''

စကားကို ပြတ်သားစွာပြောလိုက်တော့တယ်။



နင် ... တမလွန်ကို သွားရမှာလို့ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## လာခေါ်လိမ့်မယ်

''ဒေါ်ရင်ဇာရှိလား''

ကြည်နူးက ခြံထဲမရဲတရဲဝင်လာပြီး မေးလိုက်တယ် ...

သူက ဒီခြံကိုတစ်ခါမှလာဖူးတာမဟုတ်။ အခုလိုလာနေရတာလည်း သူ့အတွက်အရမ်းကို အရေးကြီးတဲ့ အခြေအနေကိုဖြစ်နေပြီလေ။

ဒေါ်ရင်ဇာက သူချစ်သူ နောင်လရဲ့မိခင်တစ်ယောက် နောင်လ ဘယ်မှာရှိတာတယ်ဆိုတာကို ဒေါ်ရင်ဇာကသာ သိနိုင်မှာလေ။

''ဒေါ်ရင်ဇာ ...''

ကြည်နူးအသံကိုမြှင့်ပြီး ထပ်ခေါ်လိုက်တယ် ...

ဒေါ်ရင်ဇာအိမ်က တစ်ထပ်သစ်အိမ်လေး ကြည်နူးတို့ရွာက ရှိးမတောကြီးနဲ့ အလွန်နီးတာကြောင့် သစ်ဝါးအလွန်ပေါတာ ...

ရွာကအိမ်တွေဆောက်မယ်ဆို တောထဲက သစ်ကိုအကြိုက် ခုတ်လို့ရတယ် ...





ရွာကလူတွေက ဆင်းရဲပေမယ့် အိမ်ကောင်းနဲ့နေနိုင်ကြတယ်။ အများစုက တံငါအလုပ်ကိုလုပ်ကြရင်း ကိုယ့်ခြံထဲမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကြတယ်။

ဒေါ်ရင်ဇာက တံငါအလုပ်ကိုလည်းမလုပ် စိုက်ပျိုးရေးလည်း မလုပ် နတ်ဝင်သည်လိုလို စုန်းအတတ်တတ်သလိုလိုနဲ့ သူ့ကိုလာမေး တဲ့လူတွေဆီကရတဲ့ငွေနဲ့ ရပ်တည်လာတာ သူ့ယောက်ျား ကိုထွန်း မောင် ဆုံးပြီးကတည်းဆိုတော့ ဆယ်နှစ်ကျော်နေပြီ။

ဒေါ်ရင်ဇာကို တစ်ရွာလုံးကကြောက်ကြတယ် ...

ဒေါ်ရင်ဇာက တရားတာ မတရားတာမသိဘူး။ သူ့ကိုလုပ်ခိုင်း တာမှန်သမျှ အကုန်လုပ်ပေးတာ ...

နောင်လကိုယ်တိုင်က သူ့မိခင်မဟုတ်တဲ့ အတတ်ပညာနဲ့ လုပ်စားတာကို မကြိုက် ... နောင်လကစာတော်တယ်။

ကြည်နူးက နောင်လလိုစာမတော် ... ပညာရေးကိုထိထိ ရောက်ရောက်မလုပ် ...

''အမေ မဟုတ်တာတွေလုပ်တာနဲ့ ငါ့ကိုရွာကဆေးဖော် ကြောဖက်တောင်လုပ်တာမဟုတ်ဘူး ... ငါ တံငါသည်လည်း မလုပ်ချင်ဘူး ... ဘွဲ့ရအောင်လုပ်မယ်၊ ဘွဲ့ရရင် ငါအလုပ်ကောင်း ကောင်းရမှာ အဲဒီကျရင်နင့်ကိုကောင်းကောင်းမွန်မွန်ထားနိုင်မှာလေ''

''ငါ ယုံပါတယ် ... နောင်လရယ်''

နောင်လက တကယ့်ကို ဖွဲ့ရှိတယ်။ ဆင်းရဲတဲ့ကြားက ဆင်း တန်းအောင်အောင်ဖြေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောင်လဆယ်တန်းအောင်တော့ ...

"မြို့မှာ ငါ့ဦးလေးဝမ်းကွဲရှိတယ်၊ သူ့ပွဲရုံမှာ အလုပ်လုပ်ပြီး စာပေးစာယူတက်မယ်"

ကြည်နူးကိုပြောရာ ... ကြည်နူးက

"အဲလိုဆို နင်နဲ့ငါခွဲရမှာပေါ့"

"ကြည်နူးရယ် ... ခဏတော့ခွဲရမှာပေါ့၊ အခု ငါ့အခြေအနေနဲ့ နင့်မိဘတွေ ဘယ်လက်ခံမလဲ၊ ငါကြိုးစားမယ် နင်သာငါ့ကိုစောင့်နေ ..."

"နောင်လရယ် ..."

နောင်လရဲ့ အားမာန်အပြည့်ပါတဲ့ စကားတွေဆိုပေမယ့် ကြည်နူးက အသဲနင့်အောင် ချစ်ရသူမို့ ခွဲခွာရတဲ့ဒဏ်ကို အလူးအလိမ့်ခံစားရတယ် ...

ညနေ မော်တော်ဆိုက်ရင် နောင်လများ ရွာပြန်လာမလားလို့ မျှော်ရတာ အမောပဲလေ ...

အခု ... သူနဲ့ နောင်လတို့ ထာဝရခွဲခွာဖို့ဖြစ်လာတော့မယ် ဒီအတွက် သူ နောင်လနောက်ကိုလိုက်သွားမှ ဖြစ်မှာလေ။ ခက်တာက နောင်လ အလုပ်လုပ်တဲ့နေရာကို အဘကျော်ဆန်း စုံစမ်းပေးသော်လည်း စုံစမ်းမရ။

ဒါကြောင့် ...

အရဲစွန့်ပြီး ဒေါ်ရင်ဖာရှိရာကို သူလာခဲ့တာပါ ...

"ဟဲ့ ... နင် ဘာလာလုပ်တာလဲ"





"ဟင် ..."

ကြည်နူးရဲ့နောက်ကျောက ထွက်လာတဲ့အသံကြောင့် အိမ်ထဲကိုသာ အာရုံထားနေတဲ့ ကြည်နူးလန့်သွားတယ်။

သူလှည့်ကြည့်လိုက်တော့ သူ့နောက်ကျောမှာ ဒေါ်ရင်ဖာက မတ်တတ်ရပ်နေတယ် ...

"ဟို ... ဟို ... မေးစရာရှိလို့ လာခဲ့တာပါ"

"ဘာမေးမှာလဲ ... မေးစရာရှိရင် အိမ်ပေါ်တက်လိုက်ခဲ့"

"ဟုတ် ... ဟုတ်ကဲ့"

ဒေါ်ရင်ဖာက ကြည်နူးကိုကျော်ကာ အိမ်ပေါ်တက်သွားတာနဲ့ ကြည်နူးလည်း နောက်ကလိုက်တက်သွားတယ်။

အိမ်ပေါ်ရောက်တော့ ဒေါ်ရင်ဖာက တင်ပလ္လင်ချိတ်ထိုင်နေတယ်။ သူ့ရှေ့မှာ ကြည်နူးက ကျုံ့ကျုံ့ထိုင်ပြီးနေတော့ ဒေါ်ရင်ဖာက

"ဘာမေးမှာလဲ ... မေး"

ခပ်တင်းတင်းမေးရာ ကြည်နူးက ...

"ဟိုလေ ... နောင်လ ဘယ်မှာလဲဟင်"

"ဘာ ..."

ဒေါ်ရင်ဖာ အော်သံကြောင့် ကြည်နူးတုန်သွားတယ်။ ဒါပေမယ့် စိတ်ကိုငြိမ်အောင်ထိန်းပြီး ...

"နောင်လရှိမယ့်နေရာကို သိချင်လို့ပါ"

"ဟား ... ဟား ... ဟား"

ဒေါ်ရင်ဖာက ကြောက်စရာကောင်းအောင် ရယ်မောနေပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြည်နူးက မျက်လုံးလေးဝိုင်းကာ ကြည့်နေတယ်။

ခဏကြာမှ ဒေါ်ရင်ဇာက ...

''ငါ့ကို သရဲ တစ္ဆေတွေ စုန်းအတက်တွေအကြောင်းပဲလာမေးကြတယ်၊ အခု ... နင်က ငါ့သားအကြောင်းလာမေးတယ်''

''ဟိုလေ ... ကျွန်မမှာ အရမ်းအရေးကြီးတဲ့ ကိစ္စရှိနေလို့ပါ''

ကြည်နူးကတောင်းပန်တဲ့ လေသံနဲ့ပြောလိုက်တယ်။

''နေပါဦး နင်က နောင်လနဲ့ဘာဖြစ်နေလို့လဲ၊ နင်နဲ့သူနဲ့ သူငယ်ချင်းတွေဆိုတာတော့ ငါသိတယ်''

ဒေါ်ရင်ဇာကမေးတော့ ကြည်နူးက အရဲစွန့်ပြီး ...

''နောင်လနဲ့ ကျွန်မက ချစ်သူတွေပါ''

''ဟင် ...''

ဒေါ်ရင်ဇာ အံ့သြသွားတယ်။

''ဟုတ်ပါတယ် အခု ... ကျွန်မကို မိဘတွေကအိမ်ထောင်ချပေးတော့မှာမို့ပါ''

''အင်း ...''

ဒေါ်ရင်ဇာကခေါင်းညိတ်လိုက်တယ်။ ပြီးတော့ ...

''ခဏလေး နင့်ကံကြမ္မာကို ငါကြည့်ဦးမယ်၊ နင်ငြိမ်ငြိမ်လေးနေ၊ ဘာစကားမှမပြောနဲ့''

''ဟုတ်ကဲ့ ...''

ကြည်နူးက အသံတိတ်ကာ ဒေါ်ရင်ဇာကို မရဲတရဲကြည့်နေတယ်။ ဒေါ်ရင်ဇာက မျက်လုံးကိုအသာမှိတ်လိုက်တယ် ...





ပါးစပ်ကလည်း ကြည်နူးနားမလည်တဲ့ စကားတွေနဲ့ တစ်ယောက်ယောက်နဲ့ စကားပြောနေတယ် ...

ခဏကြာတော့ ဒေါ်ရင်ဇာမျက်လုံးတွေ တဖြည်းဖြည်းပွင့်လာပြီး ...

''ငါပြောတာသေချာနားထောင်ပါ မိန်းကလေး''

''ဟုတ်ကဲ့ ...''

''ငါ နောင်လနေတဲ့နေရာကို သေချာမသိဘူး၊ ဒီနယ်တစ်ဝိုက်မှာတော့ မရှိဘူး ... ငါ့သားက ငါ့ကိုစိတ်နာတယ်၊ ငါ့အလုပ်က သူ့သိက္ခာကိုထိလို့တဲ့ ...

သူက သူ့ဘဝကို အမြင့်သိပ်ရောက်ချင်တာ၊ အဲဒီအတွက် ဘာမဆို သူစွန့်လွှတ်ရဲတယ် ...''

''ရှင် ...''

ကြည်နူးပါးစပ်က လွှတ်ခနဲအသံထွက်သွားတယ်။

''ငါပြောတာ ဆက်နားထောင်ပါ''

''ဟုတ်ကဲ့ ...''

ကြည်နူးခေါင်းလေးညိတ်လိုက်တယ် ... ။

''နင် ... နောင်လနဲ့ ပေါင်းရမယ့်ကံ မပါဘူး''

''ဟင် ...''

ကြည်နူးရင်ထဲ စို့တက်သွားတယ်။ ဒေါ်ရင်ဇာကဆက်ပြီး

''နင် လူ့ဘဝမှာနေရမယ့် အချိန်လည်းသိပ်မရှိတော့ဘူး၊ နင် တမလွန်ကိုသွားရတော့မယ်၊ တကယ်လို့ နောင်လ အခုရှင်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရွာပြန်လာလို့ နင်တို့နှစ်ယောက် ပေါင်းဖို့လုပ်မယ်ဆိုလည်း တမလွန်ကိုသွားမယ့်လူက ကိုယ့်ချစ်သူကို ဘာလို့သောကတွေပေးခဲ့မှာလဲ''

ပြောရာ ကြည်နူးရဲ့မျက်လုံးထဲက မျက်ရည်ပူတွေစီးကျလို့လာတယ်။

ဒေါ်ရင်ဖာက ...

''ငါပြောတာယုံပါ မိန်းကလေး၊ နင့်ကိုတမလွန်ကခေါ်ဖို့စောင့်နေကြတယ်''

''ဟင့် ... ဟင့်''

ကြည်နူးရဲ့ ရှိုက်သံထွက်လာတယ်။

''ဘာလဲ ... မိန်းကလေး၊ တမလွန်ရောက်တော့မှာမို့ဝမ်းနည်းပြီး ငိုတာလား''

ဒေါ်ရင်ဖာကမေးရာ ကြည်နူးက ...

''ကျွန်မ တမလွန်ကိုသွားရမယ်ဆိုရင်တောင် ကျွန်မချစ်သူရဲ့မျက်နှာလေးကို တစ်ခါလောက်ကြည့်ခွင့်ရချင်လို့ပါ''

ပြောလေရာ ဒေါ်ရင်ဖာက ...

''နင် သူ့ကိုမြင်ရရင်တောင် ဝိညာဉ်ဘဝနဲ့ဖြစ်မှာပဲ ... ကဲကဲ ... သွားတော့''

ပြောသဖြင့် ကြည်နူးလည်း ဒေါ်ရင်ဖာအိမ်ပေါ်မှ ဆင်းလာခဲ့တော့တယ်။



ဒီအိမ်ကြီးထဲမှာ မကျွတ်တဲ့နာနာဘာဝတွေဟာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## ရင်ခွင်မှာသေချင်သူ

"တမလွန်ကိုသွားမယ့်သူက ကိုယ့်ချစ်သူကို ဘာလို့ သောက တွေပေးခဲ့မှာလဲ"

ဒေါ်ရင်ဖာစကားကို ကြည်နူးအကြိမ်ကြိမ်နားထဲ ကြားနေမိ တယ်။ အိပ်ရာပေါ်မှာ လူးလိမ့်ရင်းငိုခဲ့ရတဲ့ မျက်ရည်တွေက မထွက် တော့။ ချစ်သူနောက်လိုက်ဖို့ နောက်ဆုံးမျှော်လင့်ချက်လေးတောင် လွင့်ပြယ်ခဲ့ရပြီလေ။

တကယ်ပဲ တမလွန်ကို သူသွားရမှာလား။

နောင်လရယ် တစ်ခေါက်လောက်တော့ ရွာပြန်လာပါ။ ငါ နင့်ရင်ခွင်ထဲမှာပဲ သေချင်ပါတယ်။

ကြည်နူး ရင်ထဲကအကြိမ်ကြိမ်ပြောမိတဲ့ စကားတွေပါ။

"သမီး ... သမီး မင်္ဂလာဆောင်ရင်ဝတ်ဖို့ အဝတ်အစားတွေ





မောင်စောအောင် မြို့ကဝယ်ပို့လိုက်တယ်"

ဒေါ်ဆွေမြင့်က အဝတ်အစားထုပ်တွေကို ကြည်နူးဘေးနား လာချပေးတယ်။ ကြည်နူးကလှည့်တောင်မကြည့် ...

"သမီး တော်မတော်ဝတ်ကြည့်လေ အကောင်းစားတွေ သမီးရဲ့"

"ဟင့်အင်း ... မဝတ်ချင်ဘူး"

ကြည်နူးကငြင်းလိုက်တယ်။

"မဝတ်ချင်လို့ဖြစ်မလားသမီးရဲ့ ... သမီးမိန်းကလေးတွေက တစ်မင်္ဂလာပဲရှိတာ ကိုယ်မင်္ဂလာယူရမယ့်အချိန်မှာ အကောင်းဆုံး ပြင်ဆင်ရမှာပေါ့"

"အမေ ... "

ဒေါ်ဆွေမြင့် စကားမဆုံးချင် ကြည်နူးကလှဲနေရာမှ ထထိုင် တယ်။

"အမေတို့ သမီးကို ကိုစောအောင်နဲ့တကယ်လက်ထပ်ပေးချင် တယ်ပေါ့"

"သမီးရယ်"

"အမေ ... မိဘသဘောကျတာကို လက်ထပ်လိုက်ရင် မိဘကျေးဇူးဆပ်တယ်လို့ ပြောလို့ရလို့လား ...

အဲလိုပြောလို့ရရင် သမီး ကိုစောအောင်ကိုယူပါ့မယ်၊ သမီး အတွက် အမေတို့တကယ်စဉ်းစားပေးရင် ဒီပွဲကိုမစီစဉ်ပါနဲ့"

ကြည်နူးကငိုလျက်ပြောတော့ မိခင်ဒေါ်ဆွေက ...



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ ကိုယ့်သမီးလေးကိုရောင်းစားတာမဟုတ်ဘူး သမီး၊ သမီးလေးဘဝ တစ်သက်လုံးပြည့်စုံစေချင်တာပါ . . .

အမေတို့ဘယ်လောက်မှ နေရမှာမဟုတ်ဘူး၊ အမေတို့ မျက်ကွယ်မှာ ကိုယ့်သမီးလေး အဆင်ပြေစေချင်တာပဲရှိတယ်၊ ဒါ မိဘမေတ္တာပါ သမီးရယ်"

ဆိုလေရာ ကြည်နူးက . . .

"သမီး အဆင်ပြေတာကို အမေတို့မြင်ချင်တဲ့စေတနာကို သမီးနားလည်ပါတယ်၊ ဒါပေမယ့် မေတ္တာမပါတဲ့ အိမ်ထောင်ရေးကို သမီးဘယ်လိုတည်ဆောက်မလဲ"

"ဒါတွေဟာ နောက်တော့အဆင်ပြေမှာပါ သမီးရယ် . . . သမီးစိတ်ထဲက ခံစားနေရတာတွေကို အတတ်နိုင်ဆုံး မေ့ထားလိုက် မင်္ဂလာရက်ကလည်းနီးနေပြီ၊ သမီးအဖေအကုန်စီစဉ်နေတယ်"

"ဟင်း . . . "

ကြည်နူး မျက်ရည်တွေသာသုတ်လိုက်တယ် . . . သူမှာ ဘာခွန်အားမှ မရှိတော့ . . .

"အင်းလေ . . . ဒေါ်ရင်ဇာပြောသလို ဖြစ်ရင်ကောင်းမှာပဲ တမလွန်ကိုသာ ငါရောက်သွားရင် ငါလုပ်ချင်ရာငါလုပ်ခွင့်ရမှာပဲ"

စိတ်ထဲကပြောမိတယ် . . . ဒေါ်ဆွေမြင့်က ကြည်နူးကိုကြည့်ပြီး . . .

"သမီး အခန်းထဲမှာနေတာကြာပြီ၊ အပြင်ထွက်ပြီး လမ်းလေး ဘာလေးလျှောက်ပါလား"



"အင်း"

ကြည်နူးလည်း ဒီအတိုင်း အခန်းထဲနေရင်းငိုလိုက် ရယ်လိုက် လုပ်နေတာထက် အပြင်ထွက်တာကောင်းမယ်လို့ တွေးလိုက်တယ်။

သူမျက်လုံးထဲမှာ မြင်လာတာက ဗိုလ်ကုန်းကအိမ်ကြီး

"အင်း . . . အဲဒီ အိမ်ကြီးဆီသွားမယ်"

စိတ်ထဲကဆုံးဖြတ်ကာ အခန်းအပြင်ဘက်ကိုထွက်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး ... ဘယ်သွားမလို့လဲ"

ခြံထဲကထွက်မယ်လုပ်တော့ အဘကျော်ဆန်းက ကြည်နူးကို လှမ်းမေးတယ် ...

"ဗိုလ်ကုန်းက အိမ်ကြီးကို အဘ ... "

"ဟေ ... တစ်ယောက်တည်း သွားမှာလား"

အဘကျော်ဆန်းက စိတ်မချစွာမေးမယ် ...

"ဟုတ်တယ် အဘ ... "

"အဘလည်း လိုက်ခဲ့မယ် ... ဖြစ်မလား"

ကြည်နူး စဉ်းစားလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အပေါ် နားလည်ပေးနိုင်တာက အဘကျော်ဆန်းပဲရှိတယ်မလား။

အဲဒါကြောင့် ...

"လိုက်ခဲ့လေ ... အဘ"





"အေး ... "

အဘကျော်ဆန်းနဲ့အတူ ဗိုလ်ကုန်းကအိမ်ကြီးကိုလျှောက်လာကြတယ်။ အိမ်ကြီးက ခန်းနားစွာ ပြုပြင်ထားတယ်ဆိုပေမယ့် ကုန်းအမြင့်ပေါ်မှာ ရှေးဆန်းတဲ့အိမ်ကြီးဆိုတော့ အဝေးကကြည့်ရုံနဲ့ကြောက်စရာကောင်းလှတယ်။

"သမီး ... ဘာလို့ အဲဒီအိမ်ကြီးကို တစ်ယောက်တည်းသွားချင်ရတာလဲ"

အဘကျော်ဆန်းက မေးတော့ ကြည်နူးက ...

"ဘာရယ်မဟုတ်ပါဘူး ... အဘရယ် စိတ်ထဲကသွားချင်တာရယ် ... ပြီးတော့ အဲဒီအိမ်ကြီးက တိတ်ဆိတ်တော့ နေရတာအဆင်ပြေမလားလို့ပါ"

"အင်း ... အဘအမြင်တော့ အဲလိုအိမ်မျိုးမှာ အမြဲနေမယ်ဆိုရင် မနေအပ်ဘူး။ ဘာလို့လဲဆိုတော့ ... လူမနေတာကြာတဲ့အိမ်တွေမှာ နာနာဘာဝတွေရှိတတ်တယ် ...

သူတို့က ဘုရားသံ တရားသံနဲ့ဝေးတဲ့နေရာတွေမှာ နေကြရတာလေ၊ မောင်စောအောင်က သူ့အမြင်နဲ့ကြိုက်တယ်ပြောတော့ သမီးအဖေက သမီးနဲ့မောင်စောအောင်ယူပြီးရင်နေဖို့ မြင်တော့တာပဲ"

"ဟုတ်တယ် ... အဘ"

"ဖျက်ဆောက်ရင် ရတာပဲ၊ ဒါပေမယ့် ... သူက မောင်စောအောင်အလိုကျ အရင်လက်ရာမပျောက်အောင် ပြင်လိုက်တော့ ပိုင်ရှင်တွေက ရှိနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဘကျော်ဆန်းပြောတာကို ကြည်နူးက နားမလည်၍

"ပိုင်ရှင် ဟုတ်လား ... ဘာကိုပြောတာလဲ အဘ"

"ပိုင်ရှင်ဆိုတာ ဒီအိမ်မှာနေခဲ့တဲ့ သူတွေက စိတ်စွဲပြီး မကျွတ်မလွတ်ဖြစ်နေရင် ဒီမှာပဲနေကြမှာကိုပြောတာ"

"ဩော် ... အဲလိုလား"

ကြည်နူးနဲ့အဘကျော်ဆန်း ခြံထဲရောက်လာတော့ အိမ်ကြီးဆီလျှောက်တဲ့ လမ်းလေးအတိုင်း လျှောက်လာကြတယ်။

ကြည်နူးက အိမ်ကြီးရှေ့ရောက်တော့ ...

"အဘကို မေးစရာရှိတယ် ..."

"ဘာလဲ ... သမီး မေးလေ"

ကြည်နူးက အဘကျော်ဆန်းမျက်နှာကို သေချာကြည့်ပြီး

"ဒေါ်ရင်ဖာ လူတွေကိုပြောတာတွေ မှန်လားဟင်"

"ဟင်"

အဘကျော်ဆန်းက တအံ့တဩ ကြည်နူးမျက်နှာကိုကြည့်တယ် ...

ပြီးတော့ ...

"သမီး ... ဒေါ်ရင်ဖာနဲ့ တွေ့ခဲ့ပြီးပြီလား"

"အဘ သိနေတာလား"

"ဟင်း ..."

အဘကျော်ဆန်းက မဖြေပါ။ သက်ပြင်းကိုသာချလိုက်တယ်။

"သူက သမီးကိုပြောတယ်၊ တမလွန်ကို သွားရတော့မယ်တဲ့"





"..."

ကြည်နူးပြောတာကို နားထောင်ရင်း အဘကျော်ဆန်းက တွေတွေကြီးကြည့်နေတယ် ...

"သမီးဒီဘဝမှာ ချစ်သူနဲ့မပေါင်းရမယ့်အတူတူ တမလွန်ကို သွားရမယ်ဆိုလည်း မကြောက်ပါဘူး အဘ ... ဒါပေမယ့် မသွားခင် သမီးချစ်သူကိုတွေ့သွားချင်တယ်"

"သမီးရယ် ..."

ကြည်နူးရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေဝေ့နေတယ်။

"သမီး ... တမလွန်မှာ မကျွတ်မလွတ်ဖြစ်ခဲ့ရင် သမီးကို အမျှမဝေပေးပါနဲ့နော်"

"သမီး ..."

"သမီးချစ်သူကိုယ်တိုင် သမီးကိုအမျှဝေမှ သမီးသာခုခေါ်ပါရစေ"

"ဟင်း ..."

အဘကျော်ဆန်း သက်ပြင်းချလိုက်တယ်။ ကြည်နူးကတော့ အေးချမ်းတိတ်ဆိတ်တဲ့ အိမ်ကြီးရဲ့အပေါ်ထပ်ဝရံတာကို တက်လို့သွားတော့တယ် ...

အဘကျော်ဆန်း သူ့စိတ်ကိုတင်းထားလိုက်တယ်။

သူ့ကိုဟိုတလောက ဒေါ်ရင်ဖာက ကြည်နူးရဲ့ကံကြမ္မာကိုလာပြောခဲ့သည်လေ။ ဒေါ်ရင်ဖာ ပြောတာကို အဘကျော်ဆန်းယုံတယ်၊ ဘာလို့လဲဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်ဖာ ... ပရလောကသားတွေနဲ့ ပတ်သက်ရင် လိုသလို ပြုနိုင်တဲ့ အစွမ်းရှိတယ်လေ ...

ဟိုတစ်ချိန်က ...

အဘကျော်ဆန်းနဲ့ ဒေါ်ရင်ဖာတို့ ဆရာတစ်ဦးတည်းမှာ ပညာ သင်ခဲ့ကြတယ် ... ဆရာက သူတက်တဲ့အတက်ပညာ အောက်လမ်း ပညာစတာတွေကို သင်ပေးတယ် ...

အဘကျော်ဆန်းက ဆရာသင်ပေးတာတွေ အကုန်သင်ယူ တတ်မြောက်ပြီး ကောင်းတဲ့လမ်းကြောင်းက အကျင့်တွေကို ကျင့်ကြံ အားထုတ်တယ် ...

ဒါကြောင့် ...

လောကီပညာရပ်နယ်ပယ်မှာ အဆင့်တစ်ခုရောက်ခဲ့တယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ရုပ်ကိုကြည့်ရုံနဲ့ ကံကြမ္မာကိုအဆုံးအဖြတ် ပေးနိုင်သလို သံသရာလွတ်ငြိမ်းမှုအတွက် ကျင့်ကြံအားထုတ်မှုကို လည်း ကျင့်နေတယ် ...

ဒေါ်ရင်ဖာကတော့ လွဲမှားစွာ လောကီအကျိုးလည်းအပြ အတ္တလမ်းစဉ်လိုက်ကာ မကောင်းတဲ့အတတ်ပညာကို ဝါသနာထုံတာ ကြောင့် မလုပ်အပ်တဲ့ ပညာရပ်တွေကိုသာ အသုံးချနေတယ်လေ အဘကျော်ဆန်း လောကီပညာတွေကို ဘယ်လိုပဲတက်တက် သူတူ ရဲ့ ကံကြမ္မာကိုတော့ပြုပြင်ပေးလို့ မရခဲ့ဘူးလေ ... ။



အမျှဝေသံကြားလို့ သာဓုခေါ်လိုက်ရင် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ပရလောကနဲ့ မိတ်ဆက်ခြင်း

"ဟင်း"

အိမ်ကြီးရဲ့ ဝရံတာလေးမှာရပ်ရင်း ဟိုးအဝေးကတောင်တန်းတွေကို ငေးမိတယ် ... ဒီနေရာမှာဆို သူ့ကိုဘယ်သူမှ စကားလာမပြောတော့ ... ဖြစ်နိုင်ရင် သူတစ်ယောက်တည်းသာ နေချင်တယ်လေ။

သူ့ခေါင်းထဲမှာ အတွေးတစ်ခု ရုတ်တရက်ဝင်လာတယ်။ အဲဒါက အဘကျော်ဆန်းပြောတဲ့ ဒီအိမ်ကြီးမှာနေတဲ့သူတွေ ... သူလည်း ဝိညာဉ်ဖြစ်ရင် ဒီအိမ်ကြီးမှာ နေရမှာလား ...

တွေးရင်း ကြက်သီးတွေထလာတယ်။

"ချွတ် ..."

"ဟင်"





ခြေနင်းသံကိုကြားလိုက်ရတာကြောင့် နောက်ကိုလှည့်ကြည့်လိုက်သောအခါ ...

"ဘယ်သူလဲ ..."

မိန်းမတစ်ယောက် သူ့ကိုကြည့်နေတယ် ... သူ အရင်တစ်ခေါက်လာစဉ်က တွေ့ခဲ့တဲ့မိန်းမ ...

သူ့ကိုလှမ်းခေါ်နေတယ် ...

"ရှင် ... ဘယ်သူလဲ"

သူမေးလိုက်ပြန်တယ် ... သို့သော်လည်း သူ့ကိုလက်ယပ်သာခေါ်နေတာကြောင့် ဘာလုပ်မလဲလို့ စိတ်ထဲသိချင်လာတာနဲ့ အနားကိုဖြည်းဖြည်းချင်းလျှောက်သွားတယ် ... ။

သူ့မျက်နှာကိုတော့ ရှေ့ကျနေတဲ့ ဆံပင်တို့အုပ်ထားတာကြောင့် ကြောက်စရာကောင်းတဲ့မျက်နှာကို ဖုံးထားသလို ဖြစ်နေတယ်။

သူ ... ထိုမိန်းမရှေ့ရပ်လိုက်ပြီး ...

"ရှင်က ဒီအိမ်ကလား"

"ဟုတ်တယ် ..."

လေသံက မောကျောလွန်းလှတယ် ... ပြီးတော့ ...

"ငါက ဒီအိမ်မှာ နေချင်လို့နေတာမဟုတ်ဘူး။ နင့်အဖေအိမ်ပြင်တော့ ငါနေတဲ့အပင်ကို တိုင်သုံးလို့ရောက်လာတာ"

"ဟင် ... ဒါ ... ဒါဆို ရှင်က မမိမိုးပေါ့"

ကြည်နူး မှတ်မိသွားတယ်။ သူ့အဖေအလုပ်သမား ဖိုးဖေရဲ့ မိန်းမ မိမိုးကို ကြည်နူးသိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူထက်တော့ လေးငါးနှစ်ကြီးတယ် ...

မိမိုးကသေသွားခဲ့ပြီ ... ခု သူတွေ့နေရတဲ့ မိမိုးဆိုတာက တစ္ဆေဖြစ်နေသူ ... ဒါဆို ...

"ငါ ... မိမိုးပဲ နင်လည်းမကြာခင် ငါတို့လောကကို ရောက်တော့မယ်၊ အဲဒီတော့ နင်ဘာဖြစ်ချင်လဲပြော ... "

မိမိုးက ခပ်ပြတ်ပြတ်ပြောလိုက်ရာ ကြည်နူးက ...

"ကျွန် ... ကျွန်မချစ်သူကိုတွေ့ချင်တယ်"

"ဟား ... ဟား ... ဟား"

မိမိုးက အားရပါးရ ရယ်မောလိုက်တယ်။

ကြည်နူးက ကြောင်တောင်တောင်ဖြစ်သွားပြီး ...

"ဘာ ... ဘာလို့လဲ"

"နင် ... ဆန္ဒသိပ်ပြင်းပြနေရင် ငါလိုက်ပို့ပေးရမှာပေါ့"

"ဟင် ... တကယ်လား"

ကြည်နူး အားတက်သွားတယ်။

"အေး ... ဒါပေမယ့် အခုတော့မဟုတ်ဘူး၊ နင်မင်္ဂလာဆောင်တဲ့ည ... "

"ဟာ ... အဲလိုဆို ဘယ်ဖြစ်မလဲ"

ကြည်နူးကပြောပေမယ့် မိမိုးကခေါင်းခါလိုက်တယ်။

"အဲဒီအချိန်ပဲ ငါလုပ်ပေးလို့ရမယ်၊ ဘာလို့လဲဆိုတော့ နင်မင်္ဂလာဆောင်မယ့်နေ့က လကွယ်နေ့ ... ငါတို့က လပြည့်လကွယ်ညတွေမှာ သွားခွင့်လာခွင့်ရှိတာ"





"ဟင့် ... ဟင့်"

ကြည်နူး မျက်ရည်ကျရပြန်တယ် ...

"ဟဲ့ ... ငိုမနေနဲ့၊ နင်က ငါတို့ဆီရောက်တော့မှာ၊ ဒီတော့ နင်သိအောင် ဒီအိမ်မှာနေတဲ့ဟာတွေကိုပြမယ်၊ လာ ... ငါ့နောက်လိုက်ခဲ့"

မိမိုးခေါ်ရာ ကြည်နူးလည်းစိတ်ညို့ခံရသူတစ်ယောက်လို မိမိုးခေါ်ရာနောက်ကို လိုက်သွားတယ်။

အိမ်ကြီးအပေါ်ထပ်ရဲ့ အနောက်ဘက်အဆောင်က မီးဖိုခန်းနဲ့ စားသောက်ခန်းကို တွဲလျက်ထားတယ်။

"ဝေါ ... "

အခန်းထဲက ရေကျသံနဲ့အတူ တစ်ယောက်ယောက်လှုပ်ရှားနေတဲ့အသံကို ကြည်နူးကြားရတယ် ...

မိမိုးက အခန်းတံခါးကို အသာတွန်းလိုက်ရာ ...

"ဟင်"

အသက်ငါးဆယ်ကျော် မဲမဲဝဝ ကုလားမကြီးတစ်ယောက် ဘေစင်မှာ ပန်းကန်တွေဆေးနေတယ် ...

သူ့ကို ကျောပေးနေတာကြောင့် မျက်နှာကိုမမြင်ရဘူး။

ဝတ်ထားတဲ့ အင်္ကျီထမီတို့က အရောင်တွေလွင့်နေတယ်။

"သူက အမာတီလို့ခေါ်တယ် ဦးမာမွတ်ရဲ့ မိန်းမ"

"ဟင် ... ဦးမာမွတ်ဆိုတာ ... "

ကြည်နူးကမေးလိုက်ရာ မိမိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးမာမွတ်ဆိုတာ ဒီအိမ်ရှင် ... နင့်အဖေကိုဒီအိမ်ရောင်းပြီး သိပ်မကြာခင်သေသွားတယ် ... သေတော့ သူ့အိမ်ကြီးကိုစိတ်စွဲလို့ ဒီပြန်ရောက်လာတာ၊ အမာတီက အခုလိုပန်းကန်ဆေးနေရင်း ဦးနှောက်သွေးကြောပြတ်သွားပြီးသေသွားတာ"

"ဦးမာမွတ်က ..."

"လာ ..."

မိမိုးက ကြည်နူးကိုအောက်ထပ်ခေါ်လာတယ်။ အောက်ထပ်ညှိခန်းမှာ အဘကျော်ဆန်း မျက်လုံးကိုမှိတ်ပြီး တရားမှတ်နေတယ်။

ကြည်နူးက အဘကျော်ဆန်းကို လှမ်းကြည့်တော့ မိမိုးက

"လာ ... နင့်ကို သူမမြင်နိုင်ဘူး"

"ဘာ ... ဘာလို့လဲဟင်"

"မေးမနေနဲ့ ငါ့နောက်လိုက်ခဲ့"

မိမိုးက အိမ်အပြင်ထွက်ကာ အိမ်အနောက်ဘက် ကုလားမန်းကျည်းပင်ရှိရာကိုခေါ်လာတယ်။

"မုံ ... မုံ"

သူလှမ်းတော့လိုက်တာက ကုလားမန်းကျည်းပင်အောက်မှာ ကုလားအဘိုးအိုတစ်ယောက် ကိုယ်တိုင်လုပ်တဲ့ မုံလေးသုံးလုံးကို သူတို့ကိုကျောခိုင်းပြီး တီးနေတယ်။

မုံတီးသံက အလွန်မှကို နားထောင်လို့ကောင်းတယ်။

မိမိုးက ...

"အဲဒါ ဦးမာမွတ်ပဲ၊ သူက မုံတီးတဲ့အလုပ်ပဲ အမြဲလုပ်တယ်၊



သူက မုံတီးတာကိုနှစ်သက်တယ်၊ ဒေါ်အမာတီက ပန်ကန်းဆေးရင်းသေတာဆိုတော့ သူ့အလုပ်အတိုင်း အမြဲလုပ်နေတာပဲ"

"ဟင် ... အဲလိုဆို သူတို့မကျွတ်ကြတော့ဘူးလား"

မိမိုးက ကြည်နူးကိုစိုက်ကြည့်တယ်။ ပြီးတော့ ...

"သူတို့အတွက် ရည်ရွယ်အမျှပေးလို့ အမျှဝေသံကြားခွင့်ရရင်ကျွတ်မှာပေါ့၊ ခက်တာက သူတို့က ဘာသာခြားတွေ ... ဒါပေမယ့် သူတို့နဲ့ဆိုင်ရာ အချုပ်တွေက လွှတ်မြောက်ခွင့်ပေးရင် သူတို့အခုလိုဘဝက လွှတ်မြောက်မှာပေါ့"

"အဲလိုလား ... ဒါနဲ့ ရှင်က ဘာလို့မကျွတ်တာလဲ"

ကြည်နူးက မိမိုးကိုမေးလိုက်တော့ ...

"ဟား ... ဟား ... ဟား"

မိမိုးက အားရပါးရရယ်တယ်။

"ဘာလို့ ... ရယ်တာလဲ"

ကြည်နူးက အော်လိုက်တယ်။

"ငါက ကျွတ်တော့မှာပါ။ ငါ့မှာ တာဝန်တစ်ခုရှိနေလို့"

"ဘာ ... ဘာတာဝန်လဲဟင်"

မိမိုးရဲ့ရုပ် ကြောက်စရာကောင်းလောက်အောင် ခက်ထန်လို့သွားတယ် ...

ကြည်နူးကို စိုက်ကြည့်ပြီး ရင်ခေါင်းသံနဲ့ ...

"ငါ့တာဝန်က နင့်ကိုခေါ်ဖို့"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးခန္ဓာကိုယ် ယိုင်သွားတယ်။ မိမိုးက သူ့လိပ်ပြာကို နှုတ်မယ့်သူ …

"အေး … အချိန်မရောက်သေးလို့ စောင့်နေရတာ ကဲ လာ … နင့်နေရာ နင်သွားမယ်"

မိမိုးက ကြည်နူးကို အိမ်ကြီးအပေါ်ထပ် ဝရံတာကိုခေါ်လာပြန်တယ်။

"ဟင်"

ကြည်နူး အရမ်းအံ့သြသွားတယ်။ ဘာလို့လဲဆိုတော့ ဝရံတာမှာ သူ့ခန္ဓာကိုယ်က ခွေခွေလေးလဲကျနေတယ်။

"သွား … "

မိမိုးက အံ့သြစွာရပ်နေတဲ့ ကြည်နူးရဲ့နောက်ကျောကိုတွန်းချလိုက်သဖြင့် ခန္ဓာကိုယ်ဘေးသို့ မှောက်ကျသွားတော့တယ်။

"အား … "

ကျော်ကိုဆွဲမှောက်ပြီး ရယ်မောသံကြီးနဲ့ အတူ …

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## ဗိုလ်ကုန်းကမုတ်ဆိတ်

"သမီး ... သမီး ကြည်နူး"

ကြည်နူးရဲ့ ရှုးရှုးဝါးဝါးအော်သံကြောင့် အပေါ်ထပ်သို့ အဘကျော်ဆန်း အပြေးတက်လာတယ် ...

"ဟင်"

ကြည်နူးကအပေါ်ထပ် ဝရံတာမှာခွေခွေလေးလဲကျတယ်။ အဘကျော်ဆန်းက ကြည်နူးကိုပြေးပွေ့လိုက်တယ်။

"သမီး ... သမီး"

လှုပ်၍ခေါ်လိုက်တော့ သိပ်မကြာပါ။ ကြည်နူးရဲ့ မျက်လုံးတွေပွင့်လာတယ် ...

"အဘ ... "

"သမီး ... ဘာဖြစ်တာလဲ"

အဘကျော်ဆန်းက စိုးရိမ်တကြီးမေးလိုက်တယ်။





"မှုးလိုက်တာ အဘရယ်"

"သမီး အားနည်းလို့နဲ့တူတယ် ... လာ လာ၊ အဘတို့ပြန်ရအောင်"

ကြည်နူးက ချက်ချင်းမထနိုင်။ အဘကျော်ဆန်းက တဖြည်းဖြည်းတွဲထူမှ ထလာနိုင်တယ်။

"အိမ်ပြန်ရအောင် သမီး"

"ဟုတ်ကဲ့ ... အဘ"

တွဲဝရီးနှစ်ယောက် အိမ်သို့ပြန်လာကြတော့တယ်။ တဖြည်းဖြည်းနဲ့ ကြည်နူးမင်္ဂလာဆောင်ဖို့ရက်က နီးလာတယ်။ ကိုစောအောင်က ဗိုလ်ကုန်းကအိမ်ကြီးထဲမှာ လိုအပ်တဲ့ပစ္စည်းတွေ အကုန်ထည့်တယ်။

မင်္ဂလာဆောင်အတွက် ကြက်သား ဝက်သား အမဲသားတွေနဲ့ လာတဲ့ ညှော်သည်တွေကို ညှော်ခံဖို့စီစဉ်တယ်။

"တို့အရပ်မှာ ဆောင်ခဲ့တဲ့မင်္ဂလာဆောင်တွေထက် ခမ်းနားစေရမယ်"

ဦးဘမှန်က ကြုံးဝါးတယ်။ မင်္ဂလာဆောင်ဖို့ ငါးရက်လောက်လိုတည်းက ပြင်ကြဆင်ကြသူတွေကို ထမင်းကျွေး အရက်တိုက် လိုအပ်တာ အကုန်လုပ်ပေးတယ်။

ကိုစောအောင်ကလည်း ငွေကိုအထုပ်လိုက် ဦးဘမှန်ကိုပေးထားတယ်။

မင်္ဂလာပွဲကို ဗိုလ်ကုန်းကခြံကြီးထဲမှာ တခမ်းတနားလုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ထိုးကြတယ် ...

ကြည်နူးကတော့ အခန်းထဲကအပြင်ကို လုံးဝမထွက်တော့ဘူး။ မိခင်က ...

"သမီး ... ကိုယ့်မင်္ဂလာဆောင်အတွက် လုပ်ကိုင်ပေးနေသူတွေကို ညွှေ့ခံဦးလေ"

"အမေတို့ စီစဉ်တာပဲ လုပ်ကြပေါ့"

"ဟင်း ... "

ဒေါ်ဆွေမြင့်က သက်ပြင်းချပြီး အခန်းအပြင်ဘက်ထွက်သွားတယ်။ သမီးရဲ့ အပြုအမူကြောင့် သားမက်လောင်းကို အားနာလို့ မဆုံးဘူး။

သို့သော်လည်း ...

ကိုစောအောင်က နားလည်မှုရှိစွာနဲ့ ...

"ကြည်နူး စိတ်ချမ်းသာသလိုသာနေပါစေ အဒေါ် ... သူကလည်း ဘာမှမ စီစဉ်တတ်တာ၊ ကျွန်တော်နားလည်ပါတယ်"

"အဒေါ်တို့လည်း အားနာတယ်၊ သမီးက ကလေးစိတ်ကို မပျောက်ဘူး"

"ရတယ် ... နောက်တော့ နားလည်မှုရှိသွားမှာပါ၊ မဆူပါနဲ့ အဒေါ်"

ကိုစောအောင်စကားကြောင့် ဒေါ်ဆွေမြင့်လည်း စိတ်အနည်းငယ်အေးသွားတယ်။ သူတို့က ကိုစောအောင်ငြိုငြင်မှာကိုသိပ်ကြောက်ကြတယ်လေ ...



နောက်တစ်ရက် မင်္ဂလာဆောင်မှာမို့ ညဘက်ချက်ကြပြုတ်ကြတဲ့ ဗိုလ်ကုန်းက မင်္ဂလာမဏ္ဍပ်မှာ လူအတော့်ကိုစည်နေတယ်။ အရက်ကိုလည်း မဏ္ဍပ်အလယ်မှာ အိုးလိုက်ကိုတည်ထားတာ။

သောက်ချင်တဲ့လူ ခပ်သောက်ရုံပဲ။

တဖြည်းဖြည်း ညဉ့်နက်လာတယ် ...

"အု ... ဂူး"

ဗိုလ်ကုန်းခြံဝမှာ ခွေးတစ်ကောင် ရူးရူးဝါးဝါးအော်သံကို ကြားလိုက်ကြတယ် ...

"တောက် ... ဟဲ့ခွေး ... "

လူငယ်တချို့က ခဲနဲ့ပစ်ကာမောင်းတော့ ...

"အူး ... "

ခွေးက တစ်ချက်တည်း အသံရှည်ဆွဲအူကာ အမှောင်ထဲဝင်ပျောက်သွားတော့တယ်။

သိပ်မကြာတဲ့အချိန်မှာတော့ ...

"ဗုံ ... ဗုံ ... ဗုံ ... ဗုံ"

လွှန်စွာပီသတဲ့ ကုလားဗုံတီးသံကို ကြားလိုက်ရတာကြောင့် မဏ္ဍပ်ထဲလူတွေ လန့်သွားကြတယ်။

"ဘယ်ကသံလဲ ... "

"ဒီခြံထဲက တီးသံပဲ၊ ဘယ်သူတီးတာလဲ"

အားလုံးက ဗုံတီးသံကို စိတ်ဝင်စားနေတယ်။

"တို့ရွာမှာ အဲလို တီးတဲ့လူ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..."

ခဏနေတော့ ဗုံသံကရပ်သွားတယ်။ အားလုံးကဗုံသံကို ပဟေဠိတစ်ခုဖြစ်သွားတယ် ...

နားလည်တဲ့ လူကြီးတချို့က ဗုံသံကိုဘဝင်မကျကြ။

"ဗုံးသံက မင်္ဂလာသံတီးတာမဟုတ်ဘူး၊ အမင်္ဂလာသံတီးတာ"

"ဟင် ..."

မျက်နှာပျက်စွာ သက်ပြင်းချကြပေမယ့် ကိုစောအောင်က မူးမူးနဲ့ ...

"ဘယ်သူပဲ တီးတီး ... ကျေးဇူးတင်တယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ဗုံသံမကြိုက်ဘူး၊ ထပ်တီးရင် တစ်ခြံလုံးမြေလှန်မယ်"

ကြိမ်းဝါးလိုက်ရာ လေမတိုက်ပါပဲ အိပ်အနောက်ဘက်ရှိ ကုလားမန်ကျည်းပင်ကြီး လှုပ်ရှားသွားတော့တယ်။

"ဟယ် ... ကြည်နူးက ချောလိုက်တာ၊ တကယ့် နတ်သမီးလေးအတိုင်းပါပဲ"

သတို့သမီးကြည်နူးကို မင်္ဂလာဆောင်လာသူတိုင်း တအံ့တသြ ချီးမွမ်းကြတယ် ...

ကြည်နူးရဲ့ မျက်နှာက အတတ်နိုင်ဆုံးပြုံးထားတယ်။ ကိုစောအောင်ရဲ့ မျက်နှာကတော့ အကျေနပ်ကြီး ကျေနပ်လို့ပြုံးလို့ နေတယ် ...

ဒေါ်ရင်ဇာက သူတို့နှစ်ယောက်ဆီလာပြီး ...

"နင်သိပ်လှတယ် ... ဒါပေမယ့် အဲလိုလှတာလည်း ခဏပါပဲ နင့်ကိုငါပြောထားတာ မမေ့နဲ့"

"အင်း ..."

ဒေါ်ရင်ဇာထွက်သွားတော့ ကိုစောအောင်က ...





www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ"

"မသိပါဘူး ..."

ကြည်နူးက စကားကိုဖြတ်လိုက်တယ်။ ခမ်းနားလှတဲ့ မင်္ဂလာပွဲက နေ့လည်ပိုင်းမှာ ပြီးသွားတယ်။

ကိုစောအောင်က သူ့မိတ်ဆွေတွေကိုခြံထဲမှာ သောက်ပွဲကျင်းပကာ ညှော်ခံတယ်၊ ကြည်နူးက မင်္ဂလာအိပ်ခန်းထဲဝင်ပြီး အဝတ်အစားလဲပြီး ခေါင်းတွေမူးလွန်းလို့ လှဲနေတယ်။

"ဟဲ့ ... ထဦး"

"ဟင် ..."

သူ့ကိုလာနှိုးတဲ့လူကို ကြည့်လိုက်တော့ မိမိုး ...

"ထ ... ခုချိန် နင့်ချစ်သူဆီကိုလိုက်သွားဖို့ အချိန်ကောင်းပဲ"

"ဘယ် ... ဘယ်လို ..."

မိမိုးက ကြည်နူးဘေးနားလာထိုင်ပြီး ...

"နင့်အဖေလည်း အိပ်ရေးပျက်လို့အိပ်နေပြီ၊ ဟိုလူလည်း သူ့အပေါင်းအသင်းတွေနဲ့ မူးနေပြီ"

"ကျွန်မ ဘယ်လို နောင်လနောက်လိုက်သွားရမှာလဲ"

ကြည်နူးက ရေလမ်းကိုကျွမ်းကျင်တာမဟုတ်၊ မြစ်ကလည်း ပင်လယ်နဲ့နီးတော့ အခုလိုညဆိုလှိုင်းတအားထန်တာ ...

"ရတယ် ငါလှေလှော်တတ်တယ်၊ ငါလိုက်ပို့ပေးမယ်ထ"

မိမိုးစကားကြောင့် ကြည်နူးအားရှိသွားတယ်။ မိမိုးနဲ့အတူ အိပ်ခန်းထဲကထွက်ကာ အိမ်ပေါ်မှဆင်းလာတယ်။





အချိန်ကလည်း ညနေစောင်းနေပြီဖြစ်တာကြောင့် အမှောင်ဘက်ရောက်နေတယ်။

သူတို့ထွက်လာတာကို ဘယ်သူမှ မရိပ်မိကြ။

လှေဆိပ်ရောက်တော့ ...

"ဝုန်း ..."

မြစ်ထဲက လှိုင်းပုတ်တာတွေကိုကြည့်ပြီး ကြည်နူးလန့်သွားတယ်။

"ဒီလောက် လှိုင်းထန်နေတာ ဖြစ်ပါ့မလား"

"လပြည့် လကွယ်နေ့တွေက လှိုင်းထန်တာပဲ၊ ဒီလိုမှမဟုတ်ရင် ဘယ်လိုသွားမလဲ၊ လာပါ ... ဟိုလှေပေါ်တက်"

"အင်း ..."

ကြည်နူး ဆုံးဖြတ်ချက်ချလိုက်တယ် ...

အခုလို မစွန့်စားရင် ဘယ်လိုမှသူ့ချစ်သူနဲ့ နီးစပ်မှာမဟုတ်။ ကမ်းစပ်တိုင်မှာချည်ထားတဲ့ လှေရဲ့ကြိုးကိုဖြုတ်ပစ်လိုက်တယ်။

"တက် ... တက်"

မိမိုးက သူ့ကိုလှေပေါ်အတင်းတွန်းတင်တယ်၊ လှေကလှိုင်းတွေကြားကနေ တဖြည်းဖြည်း မြစ်လယ်ကိုရောက်သွားတယ်။

"ဝေါ ..."

"ဟင်"

ရုတ်တရက် လေရောမိုးပါချတာကြောင့် လှေကလှိုင်းတွေကြားမှာ လူးလိမ့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမိုး ... ကျွန်မ ကြောက်တယ်"

ကြည်နူးက လှေဘောင်နှစ်ဖက်ကို ကိုင်ရင်းပြောတော့ မိမိုးက

"ဟား ... ဟား ... ဟား"

အားရပါးရ ထရယ်တယ် ...

"ဟင် ... ဘာ ... ဘာလို့ရယ်တာလဲ"

"ငါ ... ငါနင့်ကို လာခေါ်တာလေ"

"ဟာ ... "

ကြည်နူး အလွန်ထိတ်လန့်သွားတယ်။ အဲဒီအချိန်မှာ ကမ်းနားက အသံတွေကြားလိုက်တယ်။

"သမီး ... "

ဖခင်ရဲ့အသံ သို့သော်လည်း ကျယ်လှတဲ့မြစ်ပြင်ရဲ့အလယ်မှာ မိုးလေတို့နဲ့အတူ လှိုင်းထန်နေတာကြောင့် သူ့ဆီကိုဘယ်သူမှလာလို့မရဘူး ...

မိမိုးက ...

"ကဲ နင်လိုက်ခဲ့တော့ ... "

"ဝုန်း ... "

လှေဘောင်တစ်ဖက်ကိုကိုင်ကာ လှေကိုမှောက်ချလိုက်လေတော့တယ်။

"အား ... "

ကြည်နူးရဲ့အသံကို မိုးသံလေသံနဲ့ ဘယ်သူမှမကြားကြဘူးလေ။





"သမီး ... "

"ကြည်နူး ... "

ဖခင်ရဲ့အသံ ကိုစောအောင်ရဲ့အသံတွေကို သူကြားနေရတယ်။ ရေထဲမှာ ကြိုးစားကူးခတ်တယ်။ ဘယ်လိုမှ ကူးလို့မရနိုင်ဘူး။

"ဟား ... ဟား"

မိမိုးရဲ့ ကြောက်စရာကောင်းလှတဲ့ ရယ်မောသံကြီးထွက်ပေါ်လာတယ် ...

မှုပ်ချည်ပေါ်ချည်ဖြစ်နေတဲ့ ကြည်နူးကို မိမိုးကသူ့လက်နဲ့ ပခုံးကို ဖိချလိုက်ရာ ရေထဲသို့နစ်လို့သွားတော့တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူကို စောင့်နေတဲ့ တရွှေမလေး
ဘာ ... ဖြစ် ... သွား ... လဲ ?

အခန်း (၁၅)
တမျှဝေရှင်

မင်္ဂလာဆောင်တဲ့နေ့မှာပဲ ဘဝတစ်ပါးပြောင်းသွားတဲ့ ကြည်နူးကို သူမိဘတွေတင်မက တစ်ရွာလုံးကယူကြုံးမရဖြစ်ကြတယ်။

"ဖြစ်ရလေ ... သမီးရယ်"

သုံးရက်အကြာမှာ ကြည်နူးအလောင်းကို လှေဆိပ်မှာပေါ်လာတာနဲ့ဆယ်ပြီး ဗိုလ်ကုန်းအိမ်မှာ အလောင်းပြင်ထားတယ်။

မင်္ဂလာမဏ္ဍပ်ကလည်း အခုတော့ မသာမဏ္ဍပ်ဖြစ်သွားပြီ။ မိခင် ဒေါ်ဆွေမြင့်ကတော့ သမီးစိတ်နဲ့အိပ်ရာထဲဘုန်းဘုန်းလဲနေလေပြီ။

ကိုစောအောင်က ကြည်နူးအလောင်းပေါ်တဲ့နေ့မှာပဲ မြို့ပြန်သွားတာ ပြန်ကိုမလာတော့ ...

အလောင်းကို သင်္ဂြိုဟ်တဲ့နေ့မှာတော့ ရွာလုံးကျွတ်လိုက်ပို့


www.burmeseclassic.com

www.burmeseclassic.com



ပေးကြတယ် ... သချိုင်းမှာ အုတ်ဂူသွင်းပြီး သင်္ဂြိုဟ်တယ်။

လူတွေအားလုံး ပြန်သွားကြပေမယ့် အဘကျော်ဆန်းက မပြန်သေးဘူး ...

ကြည်နူးအုတ်ဂူကိုကြည့်ပြီး ...

''သမီး တမလွန်မှာ အေးအေးချမ်းချမ်းနေပါတော့ ... သမီးချစ်သူကို စောင့်မနေပါနဲ့တော့၊ အဘတို့အမျှဝေပေးရင် သာဓုခေါ်ပါ ...

ဒါမှ ဘဝတစ်ခုကို သမီးကူးလို့ရမှာလေ၊ သမီးလေးက စစ်မှန်တဲ့ မေတ္တာတရားနဲ့ ချစ်သူကိုစွဲလန်းပြီး သူလာတာစောင့်တဲ့ တစ္ဆေဘဝနဲ့ မနေနဲ့နော် ... သာဓုခေါ်ဖြစ်အောင်သာခေါ်ပါ''

အဘကျော်ဆန်းကပြောတယ် ...

အဲဒီအသံတွေကို ကြည်နူးကြားနေတယ်။ အမျှဝေရင် သာဓုခေါ်လိုက်ပါတဲ့ ... အဲလို သာဓုခေါ်လို့ ဘဝတစ်ခုပြောင်းသွားရင် သူ့ နောင်လကို တွေ့ရမှာမဟုတ်တော့ ...

လူ့ဘဝမှာ သူဆုံးဖြတ်ခဲ့တာက ...

နောင်လ အမျှဝေမှသာ သာဓုခေါ်လိုက်မယ်လို့ ...

''သမီး ဘဝသစ်တစ်ခုကို မသွားပါရစေနဲ့အဘရယ်၊ သမီး နောင်လ အမျှဝေသံကိုသာကြားချင်တာပါ''

သူ့ အဘကျော်ဆန်းဘေးက ကပ်ပြောလိုက်တယ် ...

အဘကျော်ဆန်းက သူပြောတာကို မကြားဘူး ...

''ဟင့်''





သူရှိုက်သံထွက်လာတယ် ... ပြီးတော့ သူ သချိုင်းထဲက ပြေးထွက်လာတယ် ... သူအမြဲစောင့်နေတဲ့နေရာက လှေဆိပ်သဖန်းပင်အောက်မှာလေ ...

နောင်လသာရွာပြန်လာရင် ဒီနေရာမှာ သူတွေ့ရမယ်လို့။



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

## သုံးနှစ်ခန့်ကြာသောအခါ ...

''ဟာ ... နောင်လ ... ရွာပြန်လာတာလား''

''ဟုတ်တယ် ကိုစိုးရေ ... ဆွေပြမျိုးပြဆိုပါတော့''

သူ့အသံကြားလို့ ကြည့်လိုက်တော့ နောင်လ ... ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ် ...

''ဟင်''

နောင်လက ချောပြီးယောကျ်ားပီသလိုက်တာ။ ဝတ်ထား စားထားပုံက မြို့ကြီးသားတစ်ယောက်ရဲ့ပုံစံ သန့်ပြီးခန့်လိုက်တာ။

လှေဆိပ်ကလူတွေက နောင်လကို တအံ့တသြကြည့်ကြတယ်။

''နောင်လ မင်းအခုမှရွာပြန်လာတာလားကွာ''

နောင်လရဲ့ သူငယ်ချင်း ချစ်ဦးကမေးတော့ နောင်လက

''ဟုတ်တယ်လေ ... ဒီမှာ ငါ့ဇနီးလောင်း မမသူတဲ့''

''ဟင် ... ''

နောင်လက သူ့ဘေးက ဖြူဖြူချောချော သူ့ထက်သက် အနည်းငယ်ကြီးပုံရတဲ့ အမျိုးသမီးကို ပခုံးဖက်ရင်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောင်လ"

သူ့အသံလုံးဝကို ပွင့်ထွက်သွားတယ်။ ဘယ်သူမှ သူ့အသံကို မကြားကြဘူး။

"ရက်စက်လိုက်တာ နောင်လရယ်"

သူ့ရင်တွေ ကွဲထွက်တော့မယ်။ သူ ဒီနေရာမှာ နောင်လကို စောင့်နေတာ သုံးနှစ်ကျော်ပြီ။ တစ္ဆေမကြီး ပြိတ္တာမကြီးဘဝနဲ့ နောင်လကို မျှော်နေတာ ...

သူ့အတွက် သူ့မိဘတွေက အမျှဝေကုသိုလ်လုပ်ပေးရင်တောင် ဘဝပြောင်းမှာစိုးလို့ သာဓုမခေါ်ခဲ့ဘူး။

အခု နောင်လက ...

"မမသူက ရန်ကုန် ငါးဒိုင်ပိုင်ရှင်ကွ၊ ငါက သူ့ဆိုင်မှာ စာရေးလုပ်ရင်းတွေ့ကြတာလေ၊ ဒီကပြန်ရင် လက်ထပ်မှာ ...

ငါ ရွာရောက်ဖူးချင်တာရယ်၊ အမေ့ကိုကန်တော့ချင်တာရယ်ကြောင့် ရွာကိုလိုက်လာတာ"

"နောင်လ ... မင်း"

ချစ်ဦးက တစ်ခုခုပြောချင်နေတယ်၊ ဒါကိုရိပ်မိတဲ့ နောင်လက

"ချစ်ဦး ... မင်းဘာပြောချင်တာလဲ"

"ကြည်နူး သေသွားပြီ နောင်လ ... "

နောင်လက ချစ်ဦးကိုစိုက်ကြည့်တယ်။

"ဩော် ... အေး ငါ့သူငယ်ချင်း ဘယ်လိုဖြစ်တာလဲ၊ ငါလည်းရွာပြန်မရောက်တော့ သူသေတာမသိတာ"





"ဟင့် ... "

ကြည်နူးရဲ့ရှိုက်သံကကျယ်လောင်ပေမယ့် သူတို့မကြားကြဘူး။ သူငယ်ချင်းတဲ့လား နောင်လရယ်၊ ငါလေ နင့်နောက်လိုက်ရင်း သေခဲ့ရတာပါ။

နင့်ကိုတွေ့ချင်လွန်းလို့ ပြိတ္တာမကြီးဖြစ်နေတာပါ ...

သူတို့ဘေးမှာရပ်နေပြီ ကြည်နူးပြောလိုက်တယ်။

"မမသူ ... ကြည်နူးက မောင့်သူငယ်ချင်းလေ၊ စိတ်ထားအရမ်းကောင်းတာ၊ အခု သေသွားရှာပြီ၊ နောက်မှ သတင်းသွားမေးတာပေါ့ ... သွားပြီ ချစ်ဦး၊ နောက်မှ တွေ့မယ်"

နောင်လ မမသူပခုံးကိုဖက်ကာထွက်သွားတော့ ကြည်နူးမြေကြီးပေါ်ဒူးထောက်ထိုင်ချလိုက်တယ်။ မျက်လုံးထဲမှာလည်း မျက်ရည်တွေ **စီးကျနေတယ်**။

"ဟင့် ... "

ကြည်နူးရဲ့ **ရှိုက်သံ**နဲ့အတူ ...

"နင့် မျက်နှာမှာငါ့အတွက် တခဏလေး ခံစားလိုက်ရတဲ့ ပုံရိပ်တွေ့ရင်တောင် ငါစောင့်ခဲ့ရတဲ့ ဘဝကို ငါကျေနပ်မိဦးမှာပါ"

ပြောလိုက်တဲ့ စကားသံတွေကို ဘယ်သူတွေကြားမှာလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲ မောင်နောင်လ . . . တူမက မောင်နောင်လကို သိပ်ချစ်တာပါ မောင်နောင်လနောက်ကို လိုက်ဖို့အကြိမ်ကြိမ်ကြိုးစားခဲ့တယ် . . .

ဝိညာဉ်ဘဝနဲ့ မြို့သွားတာတောင် လေ့သမားတချို့ ကြုံခဲ့သေး အခုလည်း မကျွတ်သေးပါဘူး။ လှေဆိပ်က သဖန်းပင်မှာ ပြိတ္တာမကြီးဘဝနဲ့ မောင်နောင်လ အမျှဝေတာကို သာဓုခေါ်ဖို့စောင့်နေရှာတယ်"

အဘကျော်ဆန်း စကားကြောင့် နောင်လခေါင်းအောက်စိုက်သွားတယ်။

ကြည်နူးရဲ့ အုတ်ဂူလေးရှေ့မှာ နောင်လက . . .

"ငါ အဲဒီအဖြစ်တွေ မသိခဲ့ပါဘူး . . . ကြည်နူးရယ်၊ ချစ်ခြင်းမေတ္တာကို ငါတန်ဖိုးမထားတာ မဟုတ်ပါဘူး . . . ငါက ဘဝဆိုတာကို ပိုတွေးခဲ့လို့ အတ္တဆန်ခဲ့တာပါ . . .





နင် ငါ့ကိုခွင့်လွှတ်ပါ . . . ငါ နင်ကောင်းရာဘဝကူးဖို့ ဇရပ်တစ်ဆောင်ဆောက်ပြီး နင့်အတွက် အမျှဝေပေးပါ့မယ် နင်သာဓုခေါ်ပါ . . .

တကယ်တော့ . . .

နင် ငါ့ကိုချစ်ခဲ့သလို ငါလည်းနင့်ကို သိပ်ချစ်ခဲ့ပါတယ် ကြည်နူးရယ်"

ပြောလိုက်ရာ . . .

"ဟင့်"

ငိုရှိုက်သံတစ်ခုကို အဘကျော်ဆန်းနဲ့အတူ နောင်လတို့ကြားလိုက်ကြတယ် . . .

အဘကျော်ဆန်းက . . .

"သမီး နောင်လက သမီးကိုအမျှဝေပေးမှာနော်၊ သမီးအဘကိုပြောခဲ့တယ်မလား . . . နောင်လ အမျှဝေမှ သာဓုခေါ်မယ်ဆို သမီးသာဓုခေါ်ရမယ်နော်"

ပြောလိုက်တယ် . . .

ကျွန်မ ကြားနေရတယ် . . .

နောင်လက ကျွန်မကို ချစ်တယ်တဲ့။ ကျွန်မကျေနပ်တယ် သိပ်ကိုကျေနပ်ပါတယ်။ နောင်လရယ် . . .



www.burmeseclassic.com

www.burmeseclassic.com

ရွာအဝင် လှေဆိပ်ဘေးက သဖန်းပင်ကြီးနားမှာ ဇရပ်ကြီးတစ်ဆောင် ခမ်းနားစွာဆောက်ထားတယ်။

ဇရပ်ရေစက်ချပွဲမှာ အလှူရှင်ကြည်နူးအစား တစ်ချိန်က သူချစ်သူနောင်လက ရေစက်ချတယ်။

"ကြည်နူး ... ငါ နင့်ကိုအမျှဝေပေးမယ်နော်၊ နင်သာဓုခေါ်ပါ၊ ဒီဇရပ်အလှူဟာ နင့်အလှူနော်"

ပြောလိုက်ရာ ...

"ဝေါ ... "

သဖန်းပင်ကြီး တစ်ချက်လှုပ်သွားပြီး သဖန်းပင်အောက်မှာ ပုံရိပ်တစ်ခုပေါ်လာတယ် ...

ဇရပ်ထဲကလူတွေ တအံ့တသြကြည့်လိုက်ကြတယ်။ ပုံရိပ်က ကြည်နူးရဲ့ ပုံရိပ် ...

ဆရာတော်ကြီးက ...

"ကဲ ... ကဲ ဒကာ အလှူရှင်ကို အမျှဝေလိုက်ပါ"

"တင်ပါ့ဘုရား ..."





နောင်လက ...

"ကျွန်ုပ်ပြုပြုသမျှ ကုသိုလ်အဝဝနဲ့ ဤဇရပ်အလှူကို ကွယ်လွန်သူ ကြည်နူး သာဓုခေါ်ပါ ...

ကြည်နူးရေ ... အမျှ ... အမျှ ... အမျှ ယူပါ"

အမျှဝေလိုက်ရာ ...

"သာဓု ... သာဓု ... သာဓု"

ဇရပ်ထဲကလူများနဲ့အတူ ရှိုက်သံနဲ့အသံတစ်သံ သာဓုခေါ်သံကို ကြားလိုက်ကြတော့တယ် ...

သဖန်းပင်အောက်က ပုံရိပ်ကလည်း တဖြည်းဖြည်းပျောက်ကွယ်လို့သွားတယ် ...

အဘကျော်ဆန်းက ...

"ငါ့တူမလေး ကောင်းမွန်ရာ ဘဝရပါစေ"

ဆုတောင်းလိုက်သလို နောင်လက ...

"သံသရာနဲ့ယှဉ်ပြီး ဆုမတောင်းကောင်းဘူးလို့ ဆိုပေမယ့် နောင်ဘဝတွေမှာ တို့တွေဆုံခဲ့ရင် နင်ခံစားခဲ့ရတဲ့ အချစ်ဝဋ်ကြွေးကို ငါပေးဆပ်ပါရစေ"

လို့ဆိုလိုက်ရာ ...

"ဟင့် ... "

ရှိုက်သံက တဖြည်းဖြည်းတိုးကာတိုးကာ ပျောက်ကွယ်လို့သွားလေတော့တယ် ...

အခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရေကန်ရွာ လှေဆိပ်က ချစ်သူကိုမျှော်ရင်း အမှုဝေသီ ကြားချင်တဲ့ ပြိတ္တာမလေးကတော့ သာစုခေါ်ကာ ဘဝကူးလို့သွား တော့တယ်လေ . . . ။

**ပြီးပါပြီ။**

*အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ . . .*
*အစဉ်ကြိုးစားမယ့် အစဉ်ကြိုးစားတဲ့*
*စာရေးတဲ့*
**ကန်လေးမိုးကမှားလောက်ကြီး**
*တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်*
*အကြံပြုသူများမျှော်လင့်လျှက်*
*ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၅၃၁၁၃၉၀၉*



BURMESE CLASSIC
www.burmeseclassic.com